# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၇ ရက်၊ ၂၀၀၄ ခုနှစ်၊ ဒီဇင်ဘာ ၃ ရက်၊ သောကြာနေ့၊ အတွဲ (၄၂)၊ အမှတ် (၆၄)

## နိုင်ငံတော်၏စီးပွားရေး မြင့်မားတိုးတက်လာမည်

ပြည်ထောင်စု၏နယ်မြေဒေသအသီးသီး စီးပွားရေးအရတောင့်တင်းခိုင်မာပြီး ပြည်သူတစ်ဦးချင်း ဝင်ငွေ တိုးတက်လာသည်နှင့်အမျှ နိုင်ငံတော်စီးပွားရေးအခြေအနေမှာလည်း မြင့်မားသည်ထက် မြင့်မားတိုးတက်လာမည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ကျောက်ဖြူခရိုင် ရမ်းဗြဲမြို့နယ် ရန်ကုန်–ကျောက်ဖြူ လမ်းပေါ်ရှိ မင်းကြောင်းချောင်းတံတား တည်ဆောက်ပြီးစီးမှုအခြေအနေကို စီမံကိန်းရှင်းလင်းဆောင်မှ ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)





# ပြည်သူများအတွက် လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် တိုးချဲ့ ရင်းနှီးမြှုပ်နှံလျက်ရှိ ပြည်သူအပိုင်းက စီးပွားရေးဖွံ့ဖြိုးအောင် ကုန်ထုတ်လုပ်မှုတိုးတက်အောင် ကြိုးစားအားထုတ် တစ်ဦးချင်းဝင်ငွေ တိုးတက်လာသည်နှင့်အမျှ နိုင်ငံတော်၏စီးပွားရေးမြင့်မားတိုးတက်လာမည်

## ဒေသ၏ရေမြေရာသီဥတုအရ ဖြစ်ထွန်းနိုင်သည့် ရေတက်ကောင်းနှင့်ရော်ဘာ စီးပွားဖြစ်တိုးချဲ့စိုက်ပျိုး

ရန်ကုန် ဒီဇင်ဘာ ၂

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် နိုဝင်ဘာ ၂၉ ရက်မှ ယနေ့(ဒီဇင်ဘာ ၂ ရက်)အထိ ရခိုင်ပြည်နယ် စစ်တွေ၊ ကျောက်တော်၊ အမ်း၊ ကျောက်ဖြူနှင့် သံတွဲမြို့နယ်များသို့ သွားရောက်၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ကြည့်ရှုစစ်ဆေး လမ်းညွှန်မှာကြားပြီးနောက် ***စာမျက်နှာ ၆ ကော်လံ ၁*** ■

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဟင်းရွက်ရေလှောင်တမံ ရေသိုလှောင်ထားမှု အခြေအနေကို ရှင်းလင်းဆောင်ရှုရပ်မှ ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)





## နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

3-12 (01).p65 1 3/24/05, 3:55 PM

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၄ ခုနှစ်၊ ဒီဇင်ဘာလ ၃ ရက်)

# အာဆီယံထိပ်သီးအစည်းအဝေး နိုင်ငံအချင်းချင်း အကျိုးတူဆွေးနွေး မြန်မာနိုင်ငံနှင့် ဒေသတွင်းနိုင်ငံများ ပိုမိုအကျိုးစီးပွားဖြစ်ထွန်း

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့၌ ၂၀၀၄ခုနှစ် နိုဝင်ဘာလ ၂၈ရက်မှ ၃၀ရက်အထိ ကျင်းပခဲ့သည့် (၁၀)ကြိမ်မြောက် အာဆီယံထိပ်သီးညီလာခံ၊ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ် ထိပ်သီးအစည်းအဝေး၊ အာဆီယံနိုင်ငံအကြီးအကဲ၊ အစိုးရအကြီးအကဲများနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ဂျပန်နိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံတို့မှ နိုင်ငံအကြီးအကဲ၊ အစိုးရအကြီးအကဲများ ထိပ်သီးအစည်းအဝေးများ၊ အာဆီယံ-အိန္ဒိယ ထိပ်သီးအစည်းအဝေးနှင့် အာဆီယံ-ဩစတြေးလျ၊ နယူးဇီလန် အထိမ်းအမှတ် ထိပ်သီးအစည်းအဝေးများသို့ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့ပြီး နိုင်ငံအကြီးအကဲများ၊ အစိုးရအကြီးအကဲများနှင့် ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး၊ ဒေသတွင်း တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုများကို အလေးထားဆွေးနွေးခဲ့ကြပေသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် တက်ရောက်ခဲ့သည့် အာဆီယံထိပ်သီး အစည်းအဝေးသည် ထူးခြားသည့် အစည်းအဝေးဖြစ်သည်။ မြန်မာနိုင်ငံ၌ မကြာမီကျင်းပတော့မည့် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံ အထိမ်းအမှတ်အဖြစ်လည်းကောင်း၊ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ သမ္မတ မစ္စတာခမ်တေးဆီဖန်ဒုံ၏ ဇာတိနယ်မြေရှိ ဝပ်လွှန်သိမ်တော်ကြီး၌ လာအိုပြည်သူများဖူးမြော် ကြည်ညိုနိုင်ရန်အတွက်လည်းကောင်း ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ကျောက်စိမ်းဗုဒ္ဓရုပ်ပွားဆင်းတုတော် ပေးအပ် လှူဒါန်းခဲ့သည်။

အဆိုပါ ထိပ်သီးအစည်းအဝေး ခရီးစဉ်အတွင်း နိုဝင်ဘာလ၂၇ရက်နေ့၌ ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းသည် ဗီယင်ကျန်းမြို့တွင် လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဘောင်ညံဗိုရာချစ်နှင့်တွေ့ဆုံဆွေးနွေးရာ၌-

**"နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ဦးဆောင်မှုဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်အောင် အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်နေကြောင်း၊ အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ၊ ကုလသမဂ္ဂ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့်ပူးပေါင်းဆောင်ရွက်မှုကဏ္ဍ ပိုမိုတိုးတက်ဖြစ်ထွန်းအောင် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း"**

ပြောကြားခဲ့သည်။

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘောင်ညံဗိုရာချစ်က ပြောကြားရာ၌-

**"နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ချမှတ်ထားသည့် Road Map(၇)ဆင့်၏ ပထမအဆင့်ဖြစ်သော အမျိုးသားညီလာခံကို အောင်မြင်စွာ ကျင်းပလျက်ရှိသည်ဟု သိရှိရကြောင်း၊ ဆက်လက်၍ ကျန်အဆင့်များကို အောင်မြင်စွာ ဆောင်ရွက်သွားနိုင်မည်ဟု ယုံကြည်ကြောင်း"**

ပြောကြားခဲ့သည်။

အာဆီယံထိပ်သီးအစည်းအဝေးတွင် မြန်မာနိုင်ငံအနေဖြင့် အိမ်နီးချင်းနိုင်ငံများနှင့်လည်းကောင်း၊ ဒေသတွင်း နိုင်ငံများနှင့်လည်းကောင်း အစဉ်အလာ ချစ်ကြည်ရင်းနှီးမှု၊ နှစ်နိုင်ငံ အကျိုးစီးပွားဖြစ်ထွန်းစေမည့် ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်ခိုင်မြဲစေရန် ဆောင်ရွက်နိုင်ခဲ့သည်။

နိုဝင်ဘာလ ၂၈ရက်နေ့က ဗီယင်ကျန်းမြို့၌ကျင်းပခဲ့သည့် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ် ထိပ်သီးအစည်းအဝေးတွင် အဖွဲ့ဝင်လေးနိုင်ငံမှ ဝန်ကြီးချုပ်များက ဗီယင်ကျန်းကြေညာချက်ကို လက်မှတ်ရေးထိုး နိုင်ခဲ့ကြသည်။

အဆိုပါအစည်းအဝေးတွင် ပြည်ထောင်စုမြန်မာနိုင်ငံ၏ ပုဂ္ဂလိက အခန်းကဏ္ဍ မြင့်မားတိုးတက်စေရေး၊ ဒေသတွင်းနိုင်ငံများနှင့် ကူးသန်းရောင်းဝယ်ရေးသာမက ရင်းနှီးမြှုပ်နှံမှု၊ ကုန်ထုတ်လုပ်မှုတိုးတက်ရေးတို့ကို ရည်ရွယ်၍ (၁၀)ကြိမ်မြောက် အာဆီယံထိပ်သီးညီလာခံနှင့် ဆက်စပ်ကျင်းပသည့် စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဆွေးနွေးပွဲသို့ ပြည်ထောင်စုမြန်မာနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များပါ တက်ရောက်ဆွေးနွေးခဲ့ရာ စီးပွားရေးအတွေ့အကြုံနှင့် နိုင်ငံတကာအမြင်များ ပိုမိုရရှိလာသည့်အပြင် ဒေသတွင်းနိုင်ငံများနှင့် စီးပွားရေးတိုးမြှင့်ဆောင်ရွက်နိုင်မည့် အလားအလာကောင်းများပင် ဖြစ်သည်။

သို့ဖြစ်ရာ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း တက်ရောက်ခဲ့သည့် အာဆီယံထိပ်သီးအစည်းအဝေးသည် မြန်မာနိုင်ငံနှင့် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်း နိုင်ငံများအကြား ပိုမိုအကျိုးစီးပွားဖြစ်ထွန်းစေမည့် ထိပ်သီးအစည်းအဝေးဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

## ပြည်သူ့သဘောထား

- ✱ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✱ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✱ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✱ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## မြန်မာနိုင်ငံပြန်တမ်း

**ရန်ကုန် ဒီဇင်ဘာ ၂**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်) မိတ္ထီလာ စီးပွားရေးတက္ကသိုလ် ပါမောက္ခချုပ်အဖြစ် ယင်းတက္ကသိုလ်မှ ဒုတိယပါမောက္ခချုပ် ဦးသန်းဆွေအား တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

## အမျိုးသားနေ့ လော်ကားဥယျာဉ်ဖွင့်မည်

**ရန်ကုန် ဒီဇင်ဘာ ၂**

သစ်တောဦးစီးဌာန လော်ကားဥယျာဉ်ကို အပတ်စဉ် တနင်္လာနေ့တိုင်း ဥယျာဉ်ပိတ်ရက်ဖြစ်သော်လည်း ဒီဇင်ဘာ၆ရက်(တနင်္လာနေ့)အမျိုးသားနေ့တွင် အများပြည်သူများ ပျော်ရွှင်စွာ အပန်းဖြေအနားယူ လေ့လာနိုင်ရန်အတွက် နံနက် ၈နာရီမှ ညနေ ၅နာရီအထိ ဖွင့်လှစ်ထားမည် ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်နှင့် လယ်ယာ/ ဆည်မြောင်းဝန်ကြီး ဗိုလ်ချုပ်ဌေးဦး ရှမ်းပြည်နယ်(မြောက်ပိုင်း) စိုက်ပျိုးရေးလုပ်ငန်းများစစ်ဆေး

ရန်ကုန် ဒီဇင်ဘာ ၂

**ရှမ်းပြည်နယ်(မြောက်ပိုင်း) အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်နှင့်လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးတို့သည် တာဝန်ရှိသူများ လိုက်ပါလျက် နိုဝင်ဘာ ၂၈ ရက်က အရှေ့မြောက်တိုင်းစစ်ဌာနချုပ် ဆင်းရွှေလီ ပျားလိမ္မော်စိုက်ခင်းတွင် အောင်မြင်ဖြစ်ထွန်းနေသော ပျားလိမ္မော်ပင်များနှင့်ဟင်းသီးဟင်းရွက်သီးညှပ်စိုက်ခင်းကို ကြည့်ရှုကြသည်။**

ထို့နောက် တိုင်းမှူး၊ ဝန်ကြီးနှင့်အဖွဲ့သည် စစ်ဌာနချုပ်၏ ကော်ဖီပျိုးပင်ငါးသိန်းနှင့် မက္ကဒေးမီးယားပျိုးပင် ၁၅၀၀၀ ပျိုးထောင်ထားမှု၊ ဖြစ်ထွန်းအောင်မြင်မှုနှင့် ပျိုးထောင်မှုလုပ်ငန်း အဆင့်ဆင့်ကိုကြည့်ရှုပြီး ဘိန်းအစားထိုးသီးနှံစိုက်ပျိုးရေးအတွက် ပျိုးပင်အလုံအလောက်ရရှိရေးအတွက် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနက ပံ့ပိုးကူညီပေးမည့် လုပ်ငန်းများကို ဝန်ကြီးဗိုလ်ချုပ်ဌေးဦးက ကူညီပံ့ပိုးမှုပေးခဲ့သည်။

ဆက်လက်၍ တိုင်းမှူးနှင့်ဝန်ကြီးတို့သည် တိုင်းစစ်ဌာနချုပ်၏ ဆင်းရွှေလီစပ်မျိုးစပါး(F-1)မျိုးစေ့ သန့်စင်ထုပ်ပိုးမှုလုပ်ငန်းများနှင့် ဆင်းရွှေလီစပ်မျိုးစပါး သုတေသနစိုက်ကွင်းကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ တိုင်းမှူးနှင့် ဝန်ကြီးတို့သည် လားရှိုးမြို့မှ မူဆယ်မြို့အထွက်ရှိ ဘိန်းအစားထိုးသီးနှံဧက ၁၀၀၀ မျိုးစေ့ထုတ်ကုန်းမြင့်ယာမြေ(၁) စံပြစိုက်ခင်းရှိ ဟင်းသီးဟင်းရွက် ပဒေသာစိုက်ခင်း ရေရရှိရေးဆောင်ရွက်ထားမှုများနှင့် ငါးမွေးမြူကန်များ၊ကတ်တီမိုးကော်ဖီနှင့် မက္ကဒေးမီးယား ပျိုးဥယျာဉ်တွင် စိုက်ပျိုးဖြစ်ထွန်းလျက်ရှိသောသီးနှံပင်များကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် လားရှိုးမြို့နယ် တာပုံကျေးရွာ နားလျှံဒေသတွင် ကုန်းမြင့်ယာမြေ(၄) ဧက ၅၀၀၀ စံပြစိုက်ခင်း မြေယာဖော်ထုတ်မှုကို ကြည့်ရှုစစ်ဆေးရာ စိုက်ကွင်းတာဝန်ခံက လားရှိုးမြို့နယ် တာပုံကျေးရွာ မိုင်းတင်ကျေးရွာအုပ်စု နားလျှံဒေသတွင် ဧက ၅၀၀၀ ကုန်းမြင့်ယာမြေ စံပြစိုက်ခင်းပြုလုပ်ရန် စက်ယန္တရားအင်အားဖြင့် မြေယာဖော်ထုတ်ပြီးစီးမှု၊ ရေကန် ၅၀ ပြုလုပ်ထားမှုတို့ကို ရှင်းလင်းတင်ပြသည်။

ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက ပြည်နယ်နှင့်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်များ၊ အသင်းဝင်များ၊ စိုက်ခင်းတာဝန်ခံနှင့် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ ဌာနတာဝန်ခံများအား ကုန်းမြင့်ယာမြေ စံပြစိုက်ခင်းဖော်ထုတ်မှုတွင် ရေရရှိရေး၊ ဆည်ငယ်များ ရေရှည်တည်တံ့ရန်လိုအပ်သော ရေလွှဲဆည်ငယ်များ တည်ဆောက်ရေး၊ မြေဆီလွှာထိန်းသိမ်းပြုစုရေး၊ သီးနှံပုံစံဖြင့်ဒီဇိုင်းရေးဆွဲပြီး ရာသီသီးနှံ၊ နှစ်ရှည်သီးနှံ စနစ်တကျစိုက်ပျိုးရေး၊ နည်းပညာကူညီပံ့ပိုးရေး၊ ဒေသဝမ်းစာဖူလုံမှု အကျိုးပြု လုပ်ငန်းတွင် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရေးမှာကြားသည်။ **(သတင်းစဉ်)**

## မြဝတီရုပ်မြင်သံကြား

**၃-၁၂-၂၀၀၄**
**(သောကြာနေ့)**

**နံနက်ပိုင်း**

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ အဖွင့်သီချင်း
- ၇း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇း၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

**ညပိုင်း**

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ လက်စွမ်းပြဟန်ဂီတသံ
- ၄း၁၅ ၄။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- ၄း၂၅ ၅။ နားဝင်ငြိမ့်စီးသီချင်းကြီး
- ၄း၃၀ ၆။ မျိုးချစ်တပ်မတော်
- ၄း၄၀ ၇။ အလွမ်းတေးပန်းချီချစ်သူဆီ
- ၅း၀၀ ၈။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် Drama 2 "Julius Caesar" (တတိယနှစ်-အင်္ဂလိပ်စာ အထူးပြု) °Rules of Natural Justice (Administrative Law) (စတုတ္ထနှစ်-ဥပဒေပညာအထူးပြု)
- ၅း၃၀ ၉။ မြန်မာစာမြန်မာစကား
- ၅း၄၅ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၀ ၁၂။ နိုင်ငံတကာသတင်း
- ၆း၂၀ ၁၃။ မိုးလေဝသသတင်း
- ၆း၂၅ ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆း၃၀ ၁၅။ **"ထူးခြားသောကလေးငယ်"** ကာတွန်းဇာတ်လမ်း
- ၆း၅၀ ၁၆။ လျှပ်တစ်ပြက်
- ၇း၀၀ ၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"သပွတ်အူပမာ"** (အပိုင်း-၇)
- ၈း၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၂၀။ မြန်မာ့ရှုခင်း
- ၂၁။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၂၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"သိန်းငှက်သူရဲကောင်း"** (အပိုင်း-၂၄)



**ရန်ကုန် ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ် ၁၉၆၇-၆၈ ဓာတုဗေဒ (IC.AC)ဘွဲ့ရ ကျောင်းသား ကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲကို နိုဝင်ဘာ၂၇ရက်က ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်း ရှိ ဝိုင်အမ်စီအေ ခန်းမ၌ ကျင်းပရာ အပူဇော်ခံ ဆရာကြီး ဆရာမကြီးများအား ကျောင်းသား ကျောင်းသူဟောင်းများက ကန်တော့ပစ္စည်း ပေးအပ်စဉ်။** (က-ပ)

■ **ကျောဖုံးမှ**

**တက်ရောက်**

ထိုသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့်အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဉာဏ်ဝင်းနှင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်တို့ တက်ရောက်ကြပြီး ဧည့်သည်တော် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်မှ ဒုတိယကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ဂိုဂျင့်ဖုန်းနှင့်အဖွဲ့ဝင်များနှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Li Jinjun နှင့် စစ်သံမှူး Senior Colonel, Ma Shoudong တို့လည်း တက်ရောက်ကြသည်။

**(သတင်းစဉ်)**

# (၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်

(၁) နိုင်ငံတော်၏ လွတ်လပ်ရေးနှင့်အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး၊ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးအတွက် တိုင်းရင်းသားအားလုံး အစဉ်အမြဲ စုစည်းလက်တွဲ ပူးပေါင်းထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။

(၂) ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံး တက်ညီလက်ညီ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရေး။

(၃) နိုင်ငံတော်ရှေ့ဆက်သွားမည့်မူဝါဒလမ်းစဉ်(၇)ရပ်အောင်မြင်ရေးအတွက် တိုင်းရင်းသားအားလုံးက ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်အပြည့်အဝဖြင့် ပူးပေါင်းဆောင်ရွက်ရေး။

(၄) စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံသစ်တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံးက ဝိုင်းဝန်းကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်ရေး။



## လက်ခံတွေ့ဆုံ

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်မှ ဒုတိယကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်ကြီး ဂိုဂျင့်ဖုန်းနှင့် အဖွဲ့ဝင်များအား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။**

(သတင်းစဉ်)

# မြိတ်–ဘုတ်ပြင်း–ကော့သောင်း (ပုလဲ)မော်တော်ယာဉ်အသင်း တိုင်းမှူးဗိုလ်ချုပ်အုန်းမြင့် တက်ရောက်ဖွင့်လှစ်

ရန်ကုန် ဒီဇင်ဘာ ၂

**တနင်္သာရီတိုင်း မြိတ်–ဘုတ်ပြင်း–ကော့သောင်း(ပုလဲ)မော်တော်ယာဉ် အသင်းဖွင့်ပွဲကို ဒီဇင်ဘာ ၁ရက် နံနက်ပိုင်းက (?) ...**

**တနင်္သာရီတိုင်း မြိတ်–ဘုတ်ပြင်း–ကော့သောင်း(ပုလဲ)မော်တော်ယာဉ် အသင်းဖွင့်ပွဲကို ဒီဇင်ဘာ ၁ရက် နံနက်ရနာရီခွဲက မြိတ်မြို့အဝေးပြေး ယာဉ်ရပ်နားစခန်း၌ ကျင်းပရာ အခမ်းအနားသို့ တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဟုန်းဝိုင်းနှင့် တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။**

**အစီအစဉ်အရ ရှေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်က ဂုဏ်ပြုအမှာစကားပြောကြားပြီး တိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီးလှမြင့်က တိုင်းမှူးနှင့် တာဝန်ရှိသူများအား ဖွင့်ပွဲအထိမ်းအမှတ်အလံများပေးအပ်သည်။**

ဆက်လက်၍ တိုင်းမှူး၊ ဒုတိယတိုင်းမှူးနှင့် တာဝန်ရှိသူများက မြိတ်–ဘုတ်ပြင်း–ကော့သောင်း(ပုလဲ) မော်တော်ယာဉ်အသင်းဝင် မော်တော်ယာဉ်များအား အမွှေးနံ့သာရည်များ ဆွတ်ဖျန်းပေးပြီး မင်္ဂလာအချိန်တွင် တိုင်းမှူးနှင့် မော်တော်ယာဉ်ထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးအောင်သင်းမောင်တို့က မြိတ်–ဘုတ်ပြင်း–ကော့သောင်း(ပုလဲ) မော်တော်ယာဉ်အသင်းအား ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးပြီး မြိတ်မှ ကော့သောင်းအထိ ခရီးသည်တင် မော်တော်ယာဉ်များ စတင်ပြေးဆွဲကာ အခမ်းအနားကိုရုပ်သိမ်းလိုက်သည်။

အလားတူကော့သောင်းမြို့တွင်လည်း မြိတ်–ဘုတ်ပြင်း–ကော့သောင်း(ပုလဲ) မော်တော်ယာဉ်အသင်းဖွင့်ပွဲကို ကော့သောင်းမြို့ အဝေးပြေးမော်တော်ယာဉ်ရပ်နားစခန်း၌ ကျင်းပရာ အခမ်းအနားတွင် ကော့သောင်းခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးတင်စိုးက အမှာစကားပြောကြားပြီး မော်တော်ယာဉ်ထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးအောင်ဇော်ထံ အထိမ်းအမှတ်အလံပေးအပ်သည်။

ယင်းနောက် နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ်ခင်ဇော်ဝင်းနှင့်တာဝန်ရှိသူများက မော်တော်ယာဉ်များအား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးပြီး မင်္ဂလာအချိန်တွင် အခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကာ ကော့သောင်းမှမြိတ်သို့ ခရီးသည်တင် မော်တော်ယာဉ်များ စတင်ပြေးဆွဲကြကြောင်းနှင့်အဆိုပါမြိတ်–ဘုတ်ပြင်း–ကော့သောင်းလမ်းသည် အရှည် ၂၇၆ မိုင် ၂ ဖာလုံရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## တိမ်ဖြစ်ထွန်း

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

## သင်္ချာမိသားစု အာစရိယပူဇော်ပွဲ

**ရန်ကုန် ဒီဇင်ဘာ ၂**

သင်္ချာကျောင်းသားဟောင်းများ၏ သတ္တမအကြိမ်အာစရိယပူဇော်ပွဲကို တက္ကသိုလ်များဓမ္မာရုံ၌ ဒီဇင်ဘာ၄ ရက် (စနေနေ့) နံနက်၉နာရီတွင် ကျင်းပမည်။ ကျောင်းသားဟောင်းများ တက်ရောက်ကြပါရန် ကျင်းပရေးကော်မတီမှ ဖိတ်ကြားထားကြောင်း သိရသည်။ **(က–ပ)**

# ကမ္ဘာ့ခုခံအားကျဆင်းမှုကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အခမ်းအနားကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၂**

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူးကျင်းပသည့် ကမ္ဘာ့ခုခံအားကျဆင်းမှုကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ (World AIDS Day) အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် ပါရမီလမ်းနှင့် သံသုမာလမ်းထောင့်ရှိ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဘက်စုံအဆောက်အအုံအစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းက အမှာစကားပြောကြားပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ် အိမ်ရှင်မများအတွက် ဘဝတစ်သက်တာ သင်ခန်းစာသင်တန်းကို ပို့ချရာ ရန်ကုန်တိုင်းအတွင်းရှိ ကျောက်တံတားမြို့နယ်၊ လှိုင်သာယာမြို့နယ်၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်နှင့် ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်တို့မှ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင် ၄၄ဦးတို့ တက်ရောက်ကြပြီး သင်တန်းကာလမှာ ဒီဇင်ဘာ ၆ ရက်အထိ ဖြစ်သည်။ **(သတင်းစဉ်)**

# မြန်မာ့သမဝါယမ ရာပြည့်အထိမ်းအမှတ် ထုတ်ကုန်ပြပွဲနှင့် အရောင်းပွဲတော်ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၂**

သမဝါယမဝန်ကြီးဌာနက ကြီးမှူး၍ မြန်မာ့သမဝါယမ ရာပြည့်အထိမ်းအမှတ် ထုတ်ကုန်ပြပွဲနှင့် အရောင်းပွဲတော် ၂၀၀၅ ကို ၂၀၀၅ ခုနှစ် ဇန်နဝါရီ ၇ ရက်မှ ၁၃ ရက်အထိ ခုနစ်ရက်တိုင်တိုင် ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ဆရာစံလမ်းနှင့် တက္ကသိုလ်ရိပ်သာလမ်းထောင့်ရှိ သမဝါယမကူးသန်းရောင်းဝယ်ရေးဗဟိုဌာန (ဆရာစံပလာဇာ)၌ ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



## ကြိုဆိုနှုတ်ဆက်

**ဒီဇင်ဘာ ၂ ရက်က နိုင်ငံခြားရေး ဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းနှင့် ဇနီး ဂျပန်ဘုရင်မင်းမြတ်မွေးနေ့အထိမ်းအမှတ် ဧည့်ခံပွဲသို့ တက်ရောက်လာရာ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်နိုင်ငံ သံအမတ်ကြီး H.E. Mr. Nobutake ODANO နှင့် ဇနီးတို့က ကြိုဆိုနှုတ်ဆက်စဉ်။**

(သတင်းစဉ်)

# ဗဟိုအတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်း စစ်ကိုင်းတိုင်းအတွင်းရှိ ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေး

ရန်ကုန် ဒီဇင်ဘာ ၂

**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် နိုဝင်ဘာ ၂၈ ရက်မှ ဒီဇင်ဘာ ၁ ရက်အထိ စစ်ကိုင်းတိုင်း မုံရွာခရိုင် ယင်းမာပင်မြို့နယ်နှင့် ပုလဲမြို့နယ်အတွင်း ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းနှင့် ပြန်ကြားရေးဆိုင်ရာ လုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ခဲ့သည်။**

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် နိုဝင်ဘာ ၂၈ ရက် နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့်ထွက်ခွာလာရာမုံရွာမြို့လေဆိပ်သို့ နံနက် ၉ နာရီတွင် ရောက်ရှိသည်။

ဗိုလ်မှူးချုပ်ကျော်ဆန်းသည် မုံရွာမြို့မှတစ်ဆင့် မုံရွာခရိုင် ယင်းမာပင်မြို့နယ် မောက်သရက်ကျေးရွာသို့ မော်တော်ယာဉ်ဖြင့် သွားရောက်ပြီး မောက်သရက်ကျေးရွာ မူလတန်းလွန်ကျောင်း၌ ကျေးရွာလူထုနှင့် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်သည်။

အဆိုပါ ကျေးရွာလူထုနှင့်တွေ့ဆုံပွဲတွင် မောက်သရက်ကျေးရွာအုပ်စု၊ ပြန်လှည့်ကျေးရွာအုပ်စု၊ သီးကုန်းကျေးရွာအုပ်စု၊ ရွှေပန်းခိုင်ကျေးရွာအုပ်စု၊ ရွာသာယာကျေးရွာအုပ်စု၊ စည်လှောင်ကျေးရွာအုပ်စု၊ လက်ပံဒေါကျေးရွာအုပ်စုတို့မှ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များမှ ရပ်မိရပ်ဖများ၊ ကျေးလက် ပြည်သူလူထုများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ၍ ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ဆွေးနွေးသည်။ သက်ဆိုင်ရာကျေးရွာ တာဝန်ရှိသူများက မိမိတို့ကျေးရွာ အခြေအနေများကို တင်ပြကြသည်။

## ပူးတွဲပါဝင်

ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ကျေးလက်လူထုနှင့် တွေ့ဆုံပွဲ၌ အမှာစကားပြောကြားရာတွင် ယနေ့ခေတ်အခါတွင် ကျေးရွာအလိုက် ဖွံ့ဖြိုးတိုးတက်ရန်အတွက် နိုင်ငံတော်ကိုပဲ အားကိုးပြီး စောင့်နေ၍ မရကြောင်း၊ နိုင်ငံတော်အနေဖြင့် တစ်တိုင်းတစ်ပြည်လုံးနှင့် အများနှင့် သက်ဆိုင်သည့် အရေးကြီးသော လုပ်ငန်းကြီးများကို တည်ဆောက်ပေးလျက်ရှိကြောင်း၊ သို့ဖြစ်၍ ကျေးရွာတစ်ခုချင်းမှာ လိုအပ်နေသော ကိစ္စများကို အဆင်ပြေအောင် လုပ်ပေးနိုင်ရန် လက်လှမ်းမမီနိုင်ကြောင်း၊ ကျေးရွာများအနေဖြင့် မိမိကျေးရွာ တိုးတက်ဖွံ့ဖြိုးအောင် အားသုံးအားကို ရယူပြီး ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊အဆိုပါ အားသုံးအားမှာ ကိုယ့်ဒေသ ကိုယ့်ကျေးရွာ ၏အား၊ နိုင်ငံတော်၏အား၊ စေတနာရှင်ငွေကြေး တတ်နိုင်သူများ ပြည်သူလူထု အလှူရှင်များ၏ အားများပင်ဖြစ်ကြောင်း၊ ယင်းအားသုံးအားစလုံးကိုလည်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များက ပူးတွဲပါဝင် လုပ်ဆောင်ပေးကြရမည် ဖြစ်ကြောင်း။

## ပူးပေါင်းဆောင်ရွက်

နိုင်ငံတော်အစိုးရက လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပညာရေးကို အထူးအားပေးမြှင့်တင်ပေးလျက်ရှိကြောင်း၊ ၁၉၈၈ ခုနှစ်တစ်ဝိုက်တွင် ကျေးလက်ပြည်သူများအနေဖြင့် အထက်တန်းပညာ၊ အထူးသဖြင့် အဆင့်မြင့်ပညာ သင်ကြားရေးအတွက် လက်လှမ်းမမီခဲ့ကြကြောင်း၊ တပ်မတော်အစိုးရ တာဝန်ယူပြီးနောက် ယခုအချိန်တွင်မူ မြန်မာနိုင်ငံအနှံ့ တက္ကသိုလ်ကောလိပ်ပေါင်း ၁၅၆ ခု တည်ဆောက်ပေးပြီးဖြစ်၍ အဆင့်မြင့်ပညာကို လက်လှမ်းတမီအလွယ်တကူ သင်ယူနိုင်ကြပြီဖြစ်ကြောင်း၊ ထို့အပြင် ယခုအခါ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ဖြင့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ နိုင်ငံတော်ဖြစ်လာအောင် တစ်ဆင့်ပြီးတစ်ဆင့် တည်ဆောက်လျက်ရှိကြောင်း၊ သို့ပါ၍ အမျိုးသားညီလာခံ အောင်မြင်ရေး၊ နိုင်ငံတော်၏ ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးကို အားလုံးပူးပေါင်း ဆောင်ရွက်ကြရန် လိုအပ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ငမောက်ချောင်းကူးတံတား တည်ဆောက်ရေးအတွက် အလှူငွေ ကျပ်တစ်သိန်းနှင့် ဒေသခံကျေးလက်ပြည်သူများအတွက် ၂၀၀၅ ခုနှစ် ပြက္ခဒိန်များနှင့် မွေးဆပ်ပြာများ၊ ဗလာစာအုပ်နှင့် ကျေးရွာစာကြည့်တိုက်များအတွက် စာအုပ်စာတမ်းမျိုးစုံတို့ကို ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက လှူဒါန်းရာကျေးရွာအသီးသီးမှ တာဝန်ရှိသူများက လက်ခံယူကြသည်။ ထို့နောက် စစ်ကိုင်းတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ အတွင်းရေးမှူး ဦးဌေးအောင်ကလည်း ကျောင်းသုံးဗလာစာအုပ်နှင့် ခဲတံများ လှူဒါန်းသည်။

## နိုင်ငံတော်ကအားပေး

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အမှာစကားပြောကြားရာတွင် ယနေ့ခေတ်သည် ပညာခေတ်ဖြစ်၍ နေရာတကာမှာ ပညာသည် အရေးပါ အသုံးဝင်ကြောင်း၊ နည်းပညာသာ သည့်နိုင်ငံများက မိမိတို့တိုင်းပြည်မှ ကုန်ကြမ်းများဝယ်ယူ၍ နည်းပညာသုံးကာ မွမ်းမံပြီး ကုန်ချောအဖြစ် ပြန်လည်ရောင်းခြင်းဖြင့် အကျိုးအမြတ်များ ပိုမိုရရှိနေကြောင်း၊ သို့ဖြစ်၍ နည်းပညာများ တတ်မြောက် ကျွမ်းကျင်ရေးကို နိုင်ငံတော်က အားပေးဆောင်ရွက်လျက်ရှိကြောင်း။

နိုင်ငံတော်၏ စွမ်းအင်ကဏ္ဍတွင်လည်း ကုန်းတွင်းနှင့် ကမ်းလွန်ရေနံတွင်းများမှ ရေနံနှင့် သဘာဝဓာတ်ငွေ့များထွက်ရှိနေသဖြင့် ပြည်ပနိုင်ငံများသို့ပင် သဘာဝဓာတ်ငွေ့များရောင်းချ၍ နိုင်ငံခြားငွေများ ရရှိနေပြီဖြစ်ကြောင်း၊ ယနေ့ လူနေမှုအဆင့်အတန်း မြင့်မားလာသဖြင့် လျှပ်စစ်စွမ်းအားသုံးစွဲမှု များပြားလာသည့်အတွက် လျှပ်စစ်စွမ်းအားပြည့်မီစေရန် တိုးချဲ့ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုအခါ ရေအားလျှပ်စစ်စီမံကိန်း အများအပြားကို တစ်ပြိုင်တည်းတည်ဆောက်နေပြီဖြစ်၍ မကြာသောကာလအတွင်း လျှပ်စစ်စွမ်းအား လိုအပ်ချက်များကို ဖြည့်ဆည်း ပေးနိုင်တော့မည်ဖြစ်ကြောင်း။

နိုင်ငံတော် အစိုးရအနေဖြင့် ထိုကဲ့သို့သော ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အခက်အခဲမျိုးစုံ၊ ပြည်တွင်းပြည်ပ အဖျက်သမားများ၏ နှောင့်ယှက်ဟန့်တား ပိတ်ဆို့မှုမျိုးစုံကြားမှ ဆောင်ရွက်နေရခြင်းဖြစ်ကြောင်း၊ နယ်ချဲ့တို့သည် ယခင်က တိုင်းပြည်သိမ်းပြီး ကျွန်ပြုသည့်စနစ်ရှိခဲ့ရာ ယခုအခါ နောက်ကနေ ကြိုးကိုင်ခြယ်လှယ်ပြီး ဩဇာခံမွေး၍ ကျွန်ပြုသည့်စနစ်ကို ကျင့်သုံးလာကြကြောင်း၊ သို့ပါ၍ သူ့ကျွန်အဖြစ်နှံ့မနစ်ရေးကို သတိပြုကြရန်လိုကြောင်း၊ ပြည်ပဩဇာခံပြီး ပြည်တွင်းဖွံ့ဖြိုးတိုးတက်မှုများကို ဟန့်တားနှောင့်ယှက်နေကြသူများကိုလည်း သတိပြုကြရန်လိုကြောင်း၊ ထိုသို့ သတိပြုပြီး နိုင်ငံတော်က ဆောင်ရွက်လျက်ရှိသော ဖွံ့ဖြိုးရေးလုပ်ငန်းများ အောင်မြင်ရေးနှင့် နိုင်ငံတော်၏ ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်အောင်မြင်ရေးကို အဘက်ဘက်မှ ဝိုင်းဝန်းကူညီဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးအနေဖြင့်လည်း ပြည်သူတို့နှင့်အတူ လက်တွဲဆောင်ရွက်သွားမည်ဖြစ်ကြောင်း စသည်ဖြင့် ပြောကြားသည်။

## ဂုဏ်ပြုဆုငွေ

ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ငါးဘာသာဂုဏ်ထူးရရှိသော မအေးအေးထွေးအား တက္ကသိုလ်ပညာ ဆုံးခန်းတိုင်သည်အထိ သင်ကြားနိုင်ရန် ချီးမြှင့်ငွေနှင့် ဂုဏ်ပြုဆုငွေများကိုလည်းကောင်း၊ သုံးဘာသာ ဂုဏ်ထူးရရှိသော မကျော့စုယဉ်၊ နှစ်ဘာသာဂုဏ်ထူးရှင် မသန်းသန်းမော်၊ မကေဇင်အောင်၊ မဖြိုးမြတ်မွန်နှင့် တစ်ဘာသာဂုဏ်ထူးရှင် ၁၈ဦးကိုယ်စား မအိအိထွေးတို့ကို လည်းကောင်း၊ ယင်းမာပင် အထကမှ ဆရာဆရာမများအတွက် ဂုဏ်ပြုသည့် ကျောင်းဝတ်စုံများကို ကျောင်းအုပ်ဆရာကြီး ဦးကြည်အားလည်းကောင်း ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း က ယင်းမာပင် အမက(၁) ကျောင်းဆောင်သစ် ဆောက်လုပ်ရန် အလှူငွေ ကျပ်တစ်သိန်း၊ ရင်ပေါင်တိုင်ကျေးရွာ အမက ကျောင်းဆောင်သစ် ဆောက်လုပ်ရန် ဘိလပ်မြေအိတ် ၁၀၀ အတွက် အလှူငွေ ကျပ်တစ်သိန်း၊ တာဝကျေးရွာ ဘိုင်အိုဂက်(စ်) တည်ဆောက်ရန် မတည်ငွေ ကျပ်တစ်သိန်းနှင့် ယင်းမာပင်မြို့နယ်အတွင်းရှိ ကျောင်းများအတွက် ကျောင်းသုံးစာအုပ်နှင့် ဗလာစာအုပ်များ၊ ယင်းမာပင်မြို့နယ်အတွင်းရှိ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် စာအုပ်စာတမ်းများ၊ ယင်းမာပင်မြို့နယ်အတွင်းရှိ ကျေးရွာပြည်သူများအတွက် မွေးဆပ်ပြာနှင့် ၂၀၀၅ ခုနှစ် ပြက္ခဒိန်များကို ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံယူကြသည်။

**(သတင်းစဉ်)**



**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း နိုဝင်ဘာ ၂၈ရက်က မုံရွာခရိုင် ယင်းမာပင်မြို့နယ် အထက်တန်းကျောင်းမှ ထူးချွန်ကျောင်းသားကျောင်းသူများအား ဂုဏ်ပြုပွဲတွင် တက္ကသိုလ်ဆက်တက်ရန် အခက်အခဲဖြစ်နေသော ငါးဘာသာဂုဏ်ထူးရှင် မအေးအေးထွေးအား ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နာယကအဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၏ စီစဉ်ပေးမှုဖြင့် တက္ကသိုလ်ပညာပြီးဆုံးသည်အထိ သင်ယူနိုင်ရေးအတွက် ပညာသင်ထောက်ပံ့ငွေများပေးအပ်စဉ်။** (သတင်းစဉ်)



**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း နိုဝင်ဘာ ၂၈ရက်က မုံရွာခရိုင် မောက်သရက်ကျေးရွာတွင် ကျေးရွာပြည်သူများနှင့်တွေ့ဆုံပွဲတွင် အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)

## မြန်မာ့အလင်း နိုင်ငံတကာသတင်းများ

# ဖန်လုံအိမ်ဓာတ်ငွေ့ ခြောက်မျိုးထုတ်လုပ်မှု ဂျပန်အစိုးရ အတိအကျသတ်မှတ်ရန် ဆုံးဖြတ်

တိုကျို ဒီဇင်ဘာ ၁

**ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ ကျိုတိုသဘောတူချက်သည် ဖေဖော်ဝါရီလအတွင်း၌ အကျိုးသက်ရောက်မှုရှိမည်ဖြစ်ရာ ဖန်လုံအိမ် ဓာတ်ငွေ့ခြောက်မျိုးအတွက် တိကျသောထုတ်လွှတ်မှု သတ်မှတ်ချက်ကို သတ်မှတ်သွားရန် ဂျပန်အစိုးရက ဆုံးဖြတ်ထားကြောင်း ပတ်ဝန်းကျင်ရေးရာဝန်ကြီးဌာနက အင်္ဂါနေ့၌ ပြောကြားသည်။**

လက်ရှိထုတ်လွှတ်မှု သတ်မှတ်ချက်ကို ပြန်လည်သုံးသပ်ရန် ဆုံးဖြတ်ထားကြောင်း၊ အကြမ်းအားဖြင့် အုပ်စုသုံးလေးခုခွဲခြားထားပြီး ကာဗွန်ဒိုင်အောက်ဆိုဒ်၊ ကာဗွန်မိုနော့ဆိုဒ်၊ မီသိမ်းတို့ကို အတိအကျ သတ်မှတ်မည်ဖြစ်ပြီး ကိုလိုဖလူအိုရိုကာဘွန်အတွက် အမျိုးအစား သုံးမျိုး သတ်မှတ်ထားကြောင်း ဝန်ကြီးဌာနက ပြောကြားသည်။

## ရည်ရွယ်

ကာဗွန်ဒိုင်အောက်ဆိုဒ်ထက် အခြားဓာတ်ငွေ့ ငါးမျိုးအတွက် ၂၀၀၈နှင့် ၂၀၁၂ ခုနှစ်အတွင်း တန်သန်း ၃၀ခန့် လျှော့ချရန် အစိုးရက ရည်ရွယ်ထားသည်ဟု ဝန်ကြီးဌာနက ပြောကြားသည်။ အစိုးရက စနစ်သစ်တစ်ခုကိုလည်း အသုံးပြုမည်ဖြစ်ရာ ယင်းစနစ်သစ်သည် ကာဗွန်ဒိုင်အောက်ဆိုဒ်ထုတ်လွှတ်မှု လျှော့ချရန် ရည်ရွယ်မည် ဖြစ်သည်။ **အမ်အင်အေ၊ဆင်ဟွာ**

# နိုင်ငံတကာရုပ်ရှင်ပွဲတော် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာ၌ကျင်းပ

ဒါကာ ဒီဇင်ဘာ ၁

**နိုင်ငံတကာရုပ်ရှင်ပွဲတော်ကို ဘင်္ဂလားဒေ့ရှ်နိုင်ငံ မြို့တော်ဒါကာတွင် ဗုဒ္ဓဟူးနေ့၌ စတင် ကျင်းပကြောင်း ဘင်္ဂလားဒေ့ရှ် အော့ဆာဗာသတင်းစာက ဖော်ပြသည်။**

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် နိုင်ငံတကာရုပ်ရှင်ပွဲတော်ကို ဒုတိယအကြိမ် ကျင်းပခြင်းဖြစ်ပြီး ပထမအကြိမ်ကို ၂၀၀၃ ခုနှစ်က ကျင်းပခဲ့သည်။ ဝန်ကြီးချုပ် ခါလီဒါဇီယာက ပွဲတော်ကို ဖွင့်လှစ်ပြီး ဘင်္ဂါလီစကားပြော အိန္ဒိယရုပ်ရှင်ဇာတ်ကားဖြစ်သည့် ချိုခါဘာလီဇာတ်ကားကို ပွဲတော် ပထမနေ့တွင် ဖွင့်ပွဲအဖြစ် ပြသသည်။ အဆိုပါပွဲတော်သို့ အာဖဂန်နစ္စတန်၊ အင်ဂိုလာ၊ ဩစတြေးလျ၊ တရုတ်၊ ပြင်သစ်၊ဂျာမနီ၊ အီရတ်၊အိန္ဒိယ၊မော်ရိုကို၊ ဆွီဒင်၊ တူရကီ၊ သီရိလင်္ကာ၊ စင်ကာပူ၊ရိုမေးနီးယား၊အမေရိကန်ပြည်ထောင်စုနှင့် ဗင်နီဇွဲလားနိုင်ငံများ အပါအဝင် နိုင်ငံ၄၁နိုင်ငံမှရုပ်ရှင်ဇာတ်ကား၁၁၀ခန့်ကို ပွဲတော်ရက်အတွင်း ဒါကာရှိ ရုပ်ရှင်ရုံများ၊ နာရာယန်ဂါနီပြည်နယ်နှင့် ဒုတိယအကြီးဆုံးမြို့ဖြစ်သည့် စစ်တကောင်းမြို့ရှိ ရုပ်ရှင်ရုံများ၊ဇာတ်ရုံများနှင့် သီးသန့်နေရာများတွင် ပြသခဲ့သည်။ အဆိုပါပွဲတော်သို့ နိုင်ငံ ၁၄ နိုင်ငံမှ ရုပ်ရှင်ဝေဖန်ရေးသမားများ အပါအဝင် ကျော်ကြားသည့် နိုင်ငံတကာရုပ်ရှင်ထုတ်လုပ်သူများ၊ဒါရိုက်တာများ၊သရုပ်ဆောင် အမျိုးသားနှင့် အမျိုးသမီးများ တက်ရောက်ခဲ့ကြသည်။ **အမ်အင်အေ၊ဆင်ဟွာ**

# နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံဝန်ကြီးချုပ်အား တွေ့ဆုံနှုတ်ဆက် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး

ရန်ကုန် ဒီဇင်ဘာ ၂

**ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် နိုဝင်ဘာ ၂၉ရက် မွန်းလွဲ ၂နာရီ မိနစ်၄၀တွင် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့ရှိ Lao International Trade Exhibition & Convention Center၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်အား တွေ့ဆုံနှုတ်ဆက်သည်။**

## တက်ရောက်

ထိုသို့တွေ့ဆုံနှုတ်ဆက်ရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်အတူ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီးဦးစိုးသာ၊ ဝန်ကြီးချုပ်ရုံးနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များ တက်ရောက်ကြပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာလီကျောက်ရှင်းနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

## ပွင့်လင်းစွာဆွေးနွေး

ယင်းသို့တွေ့ဆုံစဉ် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်တို့သည် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်ခိုင်မြဲရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍများတွင် တိုးချဲ့ပူးပေါင်းဆောင်ရွက်ရေးတို့ကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

(သတင်းစဉ်)



## ရင်းရင်းနှီးနှီးဆွေးနွေး

**ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့ရှိ Lao International Trade Exhibition & Convention Center ၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်အား တွေ့ဆုံနှုတ်ဆက်ပြီး ရင်းရင်းနှီးနှီး ဆွေးနွေးကြစဉ်။**

(သတင်းစဉ်)

# ဝန်ကြီးချုပ်ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ဂုဏ်ပြုညစာစားပွဲ တက်ရောက် လာအိုနိုင်ငံဝန်ကြီးချုပ်နှင့်ဇနီးတို့ က တည်ခင်းဧည့်ခံ

ရန်ကုန် ဒီဇင်ဘာ ၂

**ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် နိုဝင်ဘာ ၂၉ ရက် ညပိုင်းတွင် လာအိုနိုင်ငံ ဗီယင်ကျန်းမြို့ရှိ Lao International Trade Exhibition & Convention Center (Lao-ITECC) ၌ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဘောင်ညံဗိုရာချစ်နှင့်ဇနီး မစ္စစ် ခမ်မိုင်ဗိုရာချစ်တို့က တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲ (Gala Dinner for 10th ASEAN Summit and Related Summits) သို့ တက်ရောက်သည်။**

## ညစာစားပွဲတက်ရောက်

အဆိုပါ ဂုဏ်ပြုညစာစားပွဲသို့ ဘရူနိုင်းဒါရုဆလမ်နိုင်ငံဘုရင် ဆူလ်တန်ဟာဂျီ ဟာဆာနာလ် ဘိုလ်ကီးယားမူအစ်ဇာဒင်ဝါဒိုလာ၊ ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် မစ္စတာ ဆမ်ဒက်ဟွန်ဆင်၊ အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ မစ္စတာ ဆူဆီလို ဘန်းဘန်းယူဒိုယိုနိုနှင့် ဇနီး၊ မလေးရှားနိုင်ငံ ဝန်ကြီးချုပ် ဒါတို ဆီရီ အဗ္ဗဒူလာ ဘင်ဟာဂျီအာမက်ဘာဒါဝီ၊ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတ မစ္စစ် ဂလိုရီယာမာဂါပါဂလ် အာရိုယို၊စင်ကာပူသမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာ လီရှန်းလွန်း၊ ထိုင်းနိုင်ငံ ဝန်ကြီးချုပ် ဒေါက်တာ သက်ဆင်ရှင်နာဝပ်၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဖန်ဗန်ခိုင်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်၊ ဂျပန်နိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဂျွန်အိချိရိုကိုအိဇုမိ၊ ကိုရီးယားသမ္မတနိုင်ငံ သမ္မတ မစ္စတာ နိုမူဟွန်နှင့်ဇနီး၊ အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ် ဒေါက်တာမန်မိုဟန်ဆင်း၊ ဩစတြေးလျနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဂျွန်ဟားဝပ်နှင့်ဇနီး၊ နယူးဇီလန်နိုင်ငံ ဝန်ကြီးချုပ် မစ္စစ်ဟယ်လင် ကလပ်ခ်၊ မြန်မာနိုင်ငံ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ ဒုတိယဝန်ကြီး ဦးကျော်သူ၊ အာဆီယံနိုင်ငံများနှင့် ဆွေးနွေးဖက်နိုင်ငံများမှ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများ၊ အာဆီယံအတွင်းရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

## ကြိုဆိုနှုတ်ဆက်

ရှေးဦးစွာ အာဆီယံနိုင်ငံများနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံ၊ အိန္ဒိယသမ္မတနိုင်ငံ၊ ဩစတြေးလျနိုင်ငံနှင့်နယူးဇီလန်နိုင်ငံတို့မှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများသည် ည ၈ နာရီမှစတင်၍ ဂုဏ်ပြုညစာစားပွဲကျင်းပမည့် Lao-ITECC သို့ရောက်ရှိလာကြရာ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဘောင်ညံဗိုရာချစ်နှင့်ဇနီးတို့က လှိုက်လှဲခင်မင်စွာ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် Lao-ITECC ရှိ ခန်းမဆောင်ကြီး၌ ဂုဏ်ပြုညစာစားပွဲကိုကျင်းပရာ ရှေးဦးစွာ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဘောင်ညံဗိုရာချစ်က နှုတ်ခွန်းဆက်စကားပြောကြားပြီး ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်လာကြသည့် နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများနှင့်အတူ ဆုတောင်းပတ္ထနာပြုသည်။

ယင်းနောက် ဂုဏ်ပြုညစာကို အတူတကွသုံးဆောင်ကြသည်။ဂုဏ်ပြုညစာသုံးဆောင်စဉ် လာအိုရိုးရာယဉ်ကျေးမှုအဖွဲ့က တေးဂီတများဖြင့် ဖျော်ဖြေကြသည်။

## မီးပုံးပျံများလွှတ်တင်

ညပိုင်းတွင် (၁၀)ကြိမ်မြောက် အာဆီယံထိပ်သီးညီလာခံနှင့် ဆက်စပ်ကျင်းပသည့် ထိပ်သီးအစည်းအဝေးများကို ဂုဏ်ပြုသောအားဖြင့် မီးပုံးပျံလွှတ်ပွဲကို မြန်မာနိုင်ငံမှ မီးပုံးပျံပညာရှင်များ၏ ကူညီပံ့ပိုးမှုဖြင့် ဗီယင်ကျန်းမြို့၌ကျင်းပရာ အာဆီယံနိုင်ငံအလံများတပ်ဆင်ထားသော မီးပုံးပျံများကို လွှတ်တင်ကြသည်။

(သတင်းစဉ်)

## ဂုဏ်ပြုညစာစားပွဲတက်ရောက်

**ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် နိုဝင်ဘာ ၂၉ ရက်က ဗီယင်ကျန်းမြို့ရှိ Lao-ITECC ၌ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဘောင်ညံဗိုရာချစ်နှင့်ဇနီး မစ္စစ် ခမ်မိုင်ဗိုရာချစ်တို့ တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်စဉ်။**

(သတင်းစဉ်)



# နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း မလေးရှားနိုင်ငံဝန်ကြီးချုပ်အား တွေ့ဆုံနှုတ်ဆက် နည်းပညာဖွံ့ဖြိုးရေး၊စီးပွားရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေး

**ရန်ကုန် ဒီဇင်ဘာ ၂**

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် နိုဝင်ဘာ ၂၉ ရက် နံနက် ၁၁ နာရီ မိနစ် ၄၀ တွင် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့ရှိ Lao International Trade Exhibition & Convention Center ၌ မလေးရှားနိုင်ငံ ဝန်ကြီးချုပ် ဒါတို ဆီရီ အဗ္ဗဒူလာ ဘင် ဟာဂျီ အာမက် ဘာဒါဝီအား တွေ့ဆုံနှုတ်ဆက်သည်။

## တက်ရောက်

ထိုသို့ တွေ့ဆုံနှုတ်ဆက်ရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်အတူ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ဝန်ကြီးချုပ်ရုံးနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များ တက်ရောက်ကြသည်။

ယင်းသို့ တွေ့ဆုံစဉ် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် မလေးရှားနိုင်ငံဝန်ကြီးချုပ် ဒါတို ဆီရီ အဗ္ဗဒူလာ ဘင် ဟာဂျီ အာမက် ဘာဒါဝီတို့သည် နည်းပညာဖွံ့ဖြိုးရေး၊ စီးပွားရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးတို့နှင့်ပတ်သက်၍ ရင်းရင်းနှီးနှီး ဆွေးနွေးကြသည်။ **(သတင်းစဉ်)**

# နိုင်ငံတော်က ထမ်းဆောင်ရမည့်တာဝန်ပိုင်း၊ ပြည်သူကထမ်းဆောင်ရမည့်တာဝန်ပိုင်းဟူ၍ နှစ်ပိုင်းရှိ နိုင်ငံတော်အပိုင်းက တာဝန်ကျေပွန်သကဲ့သို့ ပြည်သူအပိုင်းကလည်း တာဝန်ကျေပွန်ရန်အရေးကြီး





## ကြည့်ရှုစစ်ဆေး

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အမ်းမြို့ ခုတင်(၁၀၀)ဆံ့ ပြည်သူ့ဆေးရုံတည်ဆောက်ပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)**

■ **ရေဖုံးမှ**

ယနေ့မွန်းလွဲပိုင်းတွင် တပ်မတော် လေယာဉ်ဖြင့် သံတွဲမြို့မှ ပြန်လည်ထွက်ခွာရာ ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။

**လမ်းညွှန်မှာကြား**

ရခိုင်ပြည်နယ် အမ်းမြို့၌ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ယမန်နေ့နံနက်ပိုင်းတွင် ရခိုင်ပြည်နယ် အမ်းမြို့ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေနှင့်ဆောင်ရွက်နေသည့် တည်ဆောက်ရေးလုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို သက်ဆိုင်ရာ တာဝန်ရှိသူတို့အား လမ်းညွှန်မှာကြားသည်။

ရှေးဦးစွာ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် အမ်းမြို့ အောက်ရွာအနီးရှိတည်ဆောက်ပြီး ဟင်းရွက်ရေလှောင်တမံသို့ နံနက် ၉နာရီခွဲတွင် ရောက်ရှိကြရာ အမ်းတပ်နယ်မှ ဗိုလ်မှူးကြီးမြင့်ဆွေ၊ အမ်း မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကြည်ဝင်းနှင့် အဖွဲ့ဝင်များ၊ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၃)မှတာဝန်ရှိသူများက ကြိုဆိုကြသည်။

**ရှင်းလင်းတင်ပြ**

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များအား စီမံကိန်းရှင်းလင်းဆောင်၌ အမ်းတပ်နယ်မှ ဗိုလ်မှူးကြီးမြင့်ဆွေက ဟင်းရွက်ရေလှောင်တမံဆိုင်ရာ အချက်အလက်များနှင့် အမ်းမြို့အတွက် သောက်သုံးရေပေးဝေနိုင်မည့် အခြေအနေတို့နှင့်စပ်လျဉ်း၍လည်းကောင်း၊ ရေလှောင်တမံမှ ပိုလျှံရေများအား ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနှင့် နွေစပါးစိုက်ပျိုးရေးအတွက် အသုံးပြုနိုင်အောင် လျာထားစီမံထားမှု အခြေအနေကို လည်းကောင်း ရှင်းလင်းတင်ပြသည်။

## ဟင်းရွက်ရေလှောင်တမံ

**တမံအမြင့်ပေ ၇၀၊ တမံအလျားပေ ၇၅၀ရှိ ဟင်းရွက်ရေလှောင်တမံအတွင်း ရေသိုလှောင်ထားမှု အခြေအနေကို ဒီဇင်ဘာ ၁ ရက်က တွေ့ရစဉ်။ (သတင်းစဉ်)**

**ရေသိုလှောင်ထားမှုကြည့်ရှု**

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက လိုအပ်သည်များကို မှာကြားပြီး ရှင်းလင်းဆောင်ရှုရပ်မှတစ်ဆင့် ဟင်းရွက်ရေလှောင်တမံအတွင်း ရေသိုလှောင်ထားမှုအခြေအနေကိုကြည့်ရှုစစ်ဆေးသည်။

အဆိုပါ ဟင်းရွက်ရေလှောင်တမံမှာ မြေသားတမံအမျိုးအစားဖြစ်ပြီး အမြင့်ပေ ၇၀၊ အလျားပေ ၇၅၀ ရှိသည်။ အမ်းမြို့ သောက်သုံးရေဖူလုံစွာရရှိရေးအတွက် ရည်ရွယ်တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ အဆိုပါ တည်ဆောက်ပြီး ဟင်းရွက်ရေလှောင်တမံမှ ပိုလျှံရေများကို အမ်းမြို့ လေယာဉ်ကွင်းဝန်းကျင် စိမ်းလန်းစိုပြည်ရေးနှင့် နွေစပါးစိုက်ပျိုးနိုင်ရန်ရည်ရွယ်ကာ ရေပေးတူးမြောင်း စနစ်တည်ဆောက်ရန် စီမံဆောင်ရွက်နေကြောင်း သိရသည်။

**ရှင်းလင်းပြသ**

ယင်းမှတစ်ဆင့် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် အဖွဲ့ဝင်များနှင့်အတူ အမ်းမြို့ ခုတင်(၁၀၀)ဆံ့ ပြည်သူ့ဆေးရုံ တည်ဆောက်ရေးလုပ်ငန်းခွင်သို့ရောက်

**စာမျက်နှာ ၇ ကော်လံ ၁**

- **ကျောက်ဖြူခရိုင်သည် ရေ၊ မြေ၊ ရာသီဥတု သယံဇာတ အခြေခံကောင်းမွန်သော ဒေသဖြစ်ရာ ဒေသခံပြည်သူများ အလုပ်လုပ်လျှင် လုပ်သလောက် တိုးတက်ဖွံ့ဖြိုးနိုင်၊**
- **သို့ရာတွင် ခရိုင်တစ်ခုလုံးအနေဖြင့် ယခုအချိန်အထိ ပြည့်ပြည့်ဝဝ ဒေသဆန်မဖူလုံသေးသည့်အပြင် လူတစ်ဦးချင်း၏ ပျမ်းမျှဝင်ငွေမှာလည်း အခြားဒေသများနှင့် နှိုင်းယှဉ်ပါက လျော့နည်းနေသေး၊**
- **ထို့ကြောင့် ယခုထက် နှစ်ဆ၊ သုံးဆ အားထုတ်အလုပ်လုပ်ကြရန်လို၊**
- **ဆန်စပါးကို တိုးချဲ့စိုက်ပျိုးထုတ်လုပ်ရန် လိုအပ်သည်သာမက ဒေသ၏ ရေ၊ မြေ၊ ရာသီဥတုအရ ဖြစ်ထွန်းနိုင်သည့် ဂရုတ်ကောင်းနှင့် ရော်ဘာပင်များကို စီးပွားဖြစ်တိုးချဲ့စိုက်ပျိုးပြီး ဝင်ငွေတိုးပွားအောင် ကြိုးစား။**



3-12 (06).p65 6 3/24/05, 3:55 PM





**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ကျောက်ဖြူ–မအီ–တောင်ကုတ် ကားလမ်းပိုင်းကို ပြည်သူများ အမြန်ဆုံး ဖြတ်သန်းသွားလာ အသုံးပြုနိုင်အောင် ကြိုးပမ်းလုပ်ဆောင်ရန် လမ်းညွှန်မှာကြားစဉ်။**

**(သတင်းစဉ်)**

- **ဒို့တာဝန်အရေးသုံးပါးသည် နိုင်ငံသားတိုင်း၏ မွေးရာပါတာဝန်၊ သားစဉ်မြေးဆက် အဆက်ဆက်ထိ လက်ဆင့်ကမ်းပေးရမည့် အမျိုးသားရေးတာဝန်ဖြစ်၊**
- **နိုင်ငံတော်ကို ဒီမိုကရေစီ နိုင်ငံတော်အဖြစ် အသွင်ကူးပြောင်းတည်ဆောက်ရာ၌ ရပ်ရွာဒေသ တည်ငြိမ်အေးချမ်းမှု ခိုင်မာရန်နှင့် စီးပွားရေးဖွံ့ဖြိုးတောင့်တင်းရန်လိုအပ်၊**
- **ဒေသအလိုက် ဒေသဆန်ဖူလုံပို လျှံရေး၊ အမယ်သစ်(အမည်သစ်) ထုတ်ကုန်များထုတ်လုပ်ရေး၊ ဘက်စုံကုန်ထုတ်လုပ်မှု တိုးတက်ရေးကို အလေးထား လုပ်ကိုင်ဆောင်ရွက်ရန် အရေးကြီး။**

**စာမျက်နှာ ၆ မှ**

ရှိပြီး ဆေးကုသဆောင်များ၊ ဖျားနာဆောင်၊ခွဲစိတ်လူနာဆောင်၊ ပင်မဆောင်၊ ခွဲစိတ်ခန်း၊ အဆောင်ကူး စင်္ကြံလမ်းများ တည်ဆောက်ပြီးစီးမှုလုပ်ငန်းများကို လှည့်လည် ကြည့်ရှုစစ်ဆေးရာ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ တိုင်းမှူး ဗိုလ်မှူးချုပ်မင်းအောင်လှိုင်နှင့် ဆေးရုံအုပ်ကြီး ဒေါက်တာရဲညွှန့်တို့က လိုက်လံရှင်းလင်းပြသကြသည်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေက တည်ဆောက်ရေးလုပ်ငန်းများကို ဆေးရုံ၏လိုအပ်ချက်များနှင့်အညီ စနစ်တကျတည်ဆောက်သွားရန် တာဝန်ရှိသူတို့အား မှာကြားသည်။

ယခုအခါ ဆေးရုံတည်ဆောက်ရေးလုပ်ငန်းများအားလုံး ရာနှုန်းပြည့် နီးပါးပြီးစီးနေပြီး ရေနှင့်လျှပ်စစ်မီး၊ ဆက်သွယ်ရေးလုပ်ငန်းများကို အချိန်မီ တပ်ဆင်ပြီးစီးအောင် ဆောင်ရွက်လျက်ရှိသည်။

**ရင်းရင်းနှီးနှီးနှုတ်ဆက်**

ထိုမှတစ်ဆင့် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် အမ်းမြို့ လေဆိပ်လေယာဉ်ပြေးလမ်းတည်ဆောက်ထားမှုအခြေအနေကို မော်တော်ယာဉ်များဖြင့် ဖြတ်သန်း ကြည့်ရှုစစ်ဆေးသည်။

ယင်းမှတစ်ဆင့် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် အမ်းရိုးမခန်းမသို့ ဝင်ရောက်၍ တပ်နယ်မှ အရာရှိ၊ စစ်သည်နှင့် မိသားစုဝင်များအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

**ရှင်းလင်းပြောကြား**

ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ခန်းမသို့မလာရောက်မီ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် စစ်ထောက်ချုပ်ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်စိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်းတို့နှင့်အတူ အမ်းတပ်နယ်မှအရာရှိ၊ စစ်သည်နှင့် မိသားစုဝင်များအား အမ်းရိုးမခန်းမ၌ပင် ကြိုတင်တွေ့ဆုံကာ တပ်တွင်းတပ်ပြင် စည်းရုံးရေးဆိုင်ရာများကို ပဏာမ ရှင်းလင်းပြောကြားခဲ့ကြသည်။

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များသည် အမ်းမြို့ လေဆိပ်သို့ ပြန်လည်ရောက်ရှိကြသည်။

**မင်းကြောင်းချောင်းတံတားရောက်ရှိ**

ဗိုလ်ချုပ်မှူးကြီးသန်းရွှေက လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး တပ်မတော်ရဟတ်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာကြရာ နံနက် ၁၁နာရီ ၄၅မိနစ်တွင် ကျောက်ဖြူခရိုင် ရမ်းဗြဲမြို့နယ် ရန်ကုန်–ကျောက်ဖြူလမ်းပေါ်ရှိ မင်းကြောင်းချောင်းတံတားတည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိကြသည်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များအား ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်း၊ စီမံကိန်းအင်ဂျင်နီယာမှူး ဦးတင်စိုးနှင့် အင်ဂျင်နီယာများ၊ တည်ဆောက်ရေးဝန်ထမ်းများက ကြိုဆိုကြသည်။

**ရှင်းလင်းပြသ**

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များအား စီမံကိန်း ရှင်းလင်းဆောင်၌ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းက မင်းကြောင်းချောင်းတံတားနှင့် စပ်လျဉ်းသည့် အချက်အလက်များ၊ တံတားချဉ်းကပ်လမ်းများ တည်ဆောက်ပြီးစီးမှုအခြေအနေ၊ ပင်မတံတား တည်ဆောက်ပြီးစီးမှုအခြေအနေ၊ ရခိုင်ပြည်နယ် အတွင်းလက်ယှက်ထိုး တည်ဆောက်လျက်ရှိသည့် စီမံကိန်းဝင် တံတားကြီးများနှင့် ရန်ကုန်–ကျောက်ဖြူလမ်းပေါ်ရှိ ကျောက်ဖြူ–မအီအပိုင်းနှင့် မအီ–တောင်ကုတ်အပိုင်း လမ်းပြုပြင်ဖောက်လုပ်မှုအခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

**အားထည့်ကြိုးပမ်း**

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက မင်းကြောင်းချောင်းတံတားနှင့်ရန်ကုန်–ကျောက်ဖြူလမ်းမကြီးအခြေပြမြေပုံကို ကြည့်ရှု၍ ကျောက်ဖြူ–မအီ–တောင်ကုတ်ကားလမ်းပိုင်းကို ပြည်သူများအနေဖြင့် အမြန်ဆုံး ဖြတ်သန်းသွားလာအသုံးပြုနိုင်အောင် အားထည့်ကြိုးပမ်းလုပ်ကိုင်သွားကြရန်မှာကြားသည်။

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် မင်းကြောင်းချောင်း တံတားတည်ဆောက်ပြီးစီးမှုတို့ကို စီမံကိန်းရှင်းလင်းဆောင်မှနေ၍ ကြည့်ရှုစစ်ဆေးသည်။

မင်းကြောင်းချောင်းတံတားမှာ ပင်မတံတား ၉၀၄ပေ၊ ချဉ်းကပ်တံတား ကျောက်ဖြူဘက်ကမ်းနှင့်မအီဘက်ကမ်း ပေ ၉၀၀စီ၊ စုစုပေါင်း တံတားအရှည်မှာ ၂၇၀၄ပေရှိသည်။ လူသွားလမ်းအကျယ် တစ်ဖက်လျှင် သုံးပေစီနှင့် ယာဉ်သွားလမ်း အကျယ် ၂၄ ပေ ရှိမည်ဖြစ်သည်။

**၈၀ ရာခိုင်နှုန်းပြီးစီး**

အပေါ်ထည်သံပေါင်သံကူကွန်ကရစ်၊ အောက်ထည်သံကူကွန်ကရစ် တံတားအမျိုးအစားဖြစ်ပြီး ယာဉ်တစ်စီးချင်း၏ခွင့်ပြုတန်ချိန်မှာ ၆၀ဖြစ်သည်။

**စာမျက်နှာ ၈သို့**

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ကျောက်ဖြူမြို့ သတိုးမဟာဗန္ဓုလခန်းမ၌ ကျောက်ဖြူတပ်နယ်မှ အရာရှိ၊ စစ်သည်နှင့် မိသားစုဝင်များအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်စဉ်။**

**(သတင်းစဉ်)**



**စာမျက်နှာ ၇ မှ**

ယခုအခါ ပင်မတံတားတည်ဆောက်ရေးလုပ်ငန်း ၈၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်သည်။

ထိုမှတစ်ဆင့် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များသည် တပ်မတော်ရဟတ်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာကြရာ ကျောက်ဖြူမြို့သို့ မွန်းလွဲ ၂ နာရီခွဲတွင် ရောက်ရှိကြသည်။

## ခရီးဦးကြိုဆို

ရှေးဦးစွာ ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား ကျောက်ဖြူခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ဆရာဆရာမများနှင့်ကျောင်းသားကျောင်းသူများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များ၊ မင်္ဂလာစည်တော်အဖွဲ့နှင့် ရိုးရာယဉ်ကျေးမှုအကအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများကလည်း ကျောက်ဖြူလေဆိပ်တွင် လှိုက်လှဲပျူငှာစွာ ခရီးဦးကြိုဆိုကြသည်။

ထိုမှတစ်ဆင့် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် အဖွဲ့ဝင်များနှင့်အတူ ကျောက်ဖြူမြို့ ရမ္မာဝတီခန်းမသို့ ရောက်ရှိပြီး ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကျောက်ဖြူ၊ ရမ်းဗြဲနှင့်မာန်အောင်မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား တွေ့ဆုံသည်။

## ဆက်သွယ်ရေးစနစ်များတင်ပြ

ဆက်လက်၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်းက ရခိုင်ပြည်နယ်မှထွက်ရှိသော ပြည်ပဈေးကွက်ဝင် သီးနှံအမယ်သစ်များ နယ်စပ်ကုန်သွယ်မှု ထွက်ပေါက်မှ တစ်ဆင့် တင်ပို့နိုင်ရန် ဝန်ကြီးဌာနက ကူညီပံ့ပိုးပေးမည့် အစီအစဉ်တို့နှင့်စပ်လျဉ်း၍ လည်းကောင်း၊ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီက ရခိုင်ပြည်နယ်အတွင်း စက်သုံးဆီဖြန့်ဖြူးပေးနေမှု အခြေအနေကိုလည်းကောင်း၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းက ရခိုင်ပြည်နယ်၏ သားငါးကဏ္ဍဖွံ့ဖြိုးတိုးတက်နိုင်သည့် အလားအလာကောင်းများကိုလည်းကောင်း၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနနှင့် ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်က ဝန်ကြီးဌာနက ခရီးသွားကဏ္ဍတိုးတက်အောင်မြင်နေမှုအခြေအနေနှင့် တယ်လီဖုန်း

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ကျောက်ဖြူမြို့ ရမ္မာဝတီ ခန်းမ၌ ကျောက်ဖြူခရိုင် ကျောက်ဖြူ၊ ရမ်းဗြဲနှင့် မာန်အောင်မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများအား တွေ့ဆုံလမ်းညွှန်မှာကြားစဉ်။ (သတင်းစဉ်)**






## ဖြည့်ဆည်းပေးရန်တင်ပြ

ထိုသို့ တွေ့ဆုံရာတွင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များအား ရှေးဦးစွာ ကျောက်ဖြူခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမျိုးတင့်က ကျောက်ဖြူခရိုင်၏ တည်နေရာ ၊အကျယ်အဝန်း၊ မြေအသုံးချနိုင်မှုအခြေအနေကိုလည်းကောင်း၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးလုပ်ငန်းများ ဆောင်ရွက်နိုင်မှုနှင့် စပ်လျဉ်း၍ လည်း




**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး ဖြစ်ပေါ် တိုးတက်မှုအခြေအနေများနှင့် ဘက်စုံကုန်ထုတ်လုပ်မှု တိုးတက်ရေးအလေးထား ဆောင် ရွက် ကြ ရန် အရေးကြီးပုံကို ရှင်းလင်း ပြောကြားစဉ်။ (သတင်းစဉ်)**

ကောင်း၊ စိုက်ပျိုးရေး၊ ဒေသဝမ်းစာဖူလုံရေးအတွက် မိုးစပါးစိုက်ပျိုးမှု၊ သီးနှံအမယ်သစ် ငရုတ်ကောင်း စိုက်ပျိုးမှု၊ ဆီထွက်သီးနှံ၊ စားဖိုဆောင်သီးနှံနှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးမှု၊ ငါး၊ ပုစွန်နှင့် တိရစ္ဆာန်မွေးမြူထုတ်လုပ်မှုနှင့် တင်ပို့ရောင်းချမှု အခြေအနေကိုလည်းကောင်း၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် ဒေသဖွံ့ဖြိုး တိုးတက်ရေးဆိုင်ရာ ဖြည့်ဆည်းပေးရန် လိုအပ်ချက်တို့နှင့်စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းတင်ပြသည်။

ထို့နောက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက ဒေသဝမ်းစာဖူလုံရေးအတွက် စပါးစိုက်ဧက တိုးချဲ့ရေးနှင့် အထွက်နှုန်း တိုးတက်ရေးကိစ္စများကိုလည်းကောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းက ရန်ကုန်- စစ်တွေ ကားလမ်းအခြေအနေနှင့် ဖောက်လုပ်လျက်ရှိသော ရန်ကုန်-ကျောက်ဖြူ ကားလမ်းအခြေအနေတို့ကိုလည်းကောင်း၊ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်က ကျောက်ဖြူခရိုင်အတွင်း ကျန်းမာရေးစောင့်ရှောက်မှု၊ ကာကွယ်မှုနှင့် ကုသမှုဆိုင်ရာကိစ္စများကိုလည်းကောင်း တင်ပြကြသည်။

ဆက်သွယ်ရေးစနစ်များ ပိုမိုကောင်းမွန်ရေးအတွက် ကြိုးပမ်းအကောင်အထည်ဖော်သွားမည့် အစီအစဉ်တို့ကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

## အလေးထားလုပ်ကိုင်

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး ဖြစ်ပေါ်တိုးတက်မှုအခြေအနေများ၊ ဒို့တာဝန်အရေးသုံးပါးသည် နိုင်ငံသားတိုင်း၏ မွေးရာပါတာဝန်၊ သားစဉ်မြေးဆက် အဆက်ဆက်ထိ လက်ဆင့်ကမ်းပေးရမည့် အမျိုးသားရေးတာဝန်ဖြစ်ပုံ၊ နိုင်ငံတော်ကို ဒီမိုကရေစီနိုင်ငံတော်အဖြစ် အသွင်ကူးပြောင်းတည်ဆောက်ရာ၌ ရပ်ရွာဒေသ တည်ငြိမ်အေးချမ်းမှုခိုင်မာရန်နှင့် စီးပွားရေးဖွံ့ဖြိုးတောင့်တင်းရန် လိုအပ်ပုံ၊ ဒေသအလိုက်ဒေသဆန် ဖူလုံပိုလျှံရေး၊ အမယ်သစ်(အမည်သစ်)ထုတ်ကုန်များ ထုတ်လုပ်ရေး၊ ဘက်စုံကုန်ထုတ်လုပ်မှုတိုးတက်ရေးကို အလေးထားလုပ်ကိုင်ဆောင်ရွက်ရန် အရေးကြီးပုံတို့ကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက လမ်းညွှန်မှာကြားရာတွင် ကျောက်ဖြူခရိုင်သည် ရေ၊ မြေ၊ ရာသီဥတု သယံဇာတ အခြေခံကောင်းမွန်သောဒေသဖြစ်ရာ ဒေသခံပြည်သူများ အလုပ်လုပ်လျှင်လုပ်သလောက် တိုးတက်ဖွံ့ဖြိုးနိုင်ကြောင်း။

## ဝင်ငွေတိုးအောင်ကြိုးစား

သို့ရာတွင် ခရိုင်တစ်ခုလုံးအနေဖြင့် ယခုအချိန်အထိ ပြည့်ပြည့်ဝဝ ဒေသဆန်မဖူလုံသေးသည့်အပြင် လူတစ်ဦးချင်း၏ ပျမ်းမျှဝင်ငွေမှာလည်း အခြားဒေသများနှင့် နှိုင်းယှဉ်ပါက လျော့နည်းနေသေးကြောင်း၊ ထို့ကြောင့် ယခုထက်နှစ်ဆ၊ သုံးဆ အားထုတ်အလုပ်လုပ်ကြရန်လိုကြောင်း၊ ဆန်စပါးကို တိုးချဲ့စိုက်ပျိုးထုတ်လုပ်ရန် လိုအပ်သည်သာမက ဒေသ၏ ရေ၊ မြေ၊ ရာသီဥတုအရ ဖြစ်ထွန်းနိုင်သည့် ငရုတ်ကောင်းနှင့် ရော်ဘာပင်များကို စီးပွားဖြစ်တိုးချဲ့စိုက်ပျိုးပြီး ဝင်ငွေတိုးပွားအောင် ကြိုးစားသင့်ကြောင်း။

## မျှတစွာခွဲဝေသုံးစွဲ

နိုင်ငံတော်က ထမ်းဆောင်ရမည့်တာဝန်ပိုင်း၊ ပြည်သူလူထုကထမ်းဆောင်ရမည့် တာဝန်ပိုင်းဟူ၍ နှစ်ပိုင်းရှိရာ နိုင်ငံတော်အပိုင်းက တာဝန်ကျေပွန်သကဲ့သို့ ပြည်သူလူထုအပိုင်းကလည်း တာဝန်ကျေပွန်ရန် အရေးကြီးကြောင်း၊ နိုင်ငံတော်က ပြည်သူများအတွက် လမ်းပန်းဆက်သွယ်ရေးလုပ်ငန်း၊ ပညာရေးလုပ်ငန်း၊ ကျန်းမာရေးလုပ်ငန်းတို့၌ တိုးချဲ့ရင်းနှီးမြှုပ်နှံ လုပ်ကိုင်လျက်ရှိရာတွင် နိုင်ငံတော်၏ဝင်ငွေအတွင်းမှ ချင့်ချိန်မျှတစွာ ခွဲဝေသုံးစွဲနေရခြင်းဖြစ်ကြောင်း။

နိုင်ငံတော်၏ဝင်ငွေမှာလည်း ပြည်သူလူထုထံမှရရှိသော အခွန်အခရငွေများပင်ဖြစ်ရာ ပြည်သူများ၏ စီးပွားရေးအခြေအနေ တိုးတက်ကောင်းမွန်မှသာ အခွန်အခဝင်ငွေများ ပိုမိုရရှိမှာဖြစ်ကြောင်း။

## ရင်းရင်းနှီးနှီးနှုတ်ဆက်

ထို့ကြောင့် ပြည်သူလူထုအပိုင်းကလည်း စီးပွားရေးဖွံ့ဖြိုးအောင်၊ ကုန်ထုတ်လုပ်မှုတိုးတက်အောင် ကြံစည်ကြိုးစားအားထုတ်ကြရန် လိုအပ်ကြောင်း၊ ပြည်ထောင်စုကြီး၏ နယ်မြေဒေသအသီးသီးသည် စီးပွားရေးအရ တောင့်တင်းခိုင်မာပြီး ပြည်သူတစ်ဦးချင်း ဝင်ငွေတိုးတက်လာသည်နှင့်အမျှ နိုင်ငံတော်၏ စီးပွားရေး အခြေအနေမှာလည်း မြင့်မားသည်ထက် မြင့်မားတိုးတက်လာမှာဖြစ်ကြောင်းဖြင့် ရှင်းလင်းမှာကြားပြီး တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

## စစ်သည်မိသားစုများနှုတ်ဆက်

ယင်းမှတစ်ဆင့် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် အဖွဲ့ဝင်များနှင့်အတူ ကျောက်ဖြူမြို့ သတိုးမဟာဗန္ဓုလခန်းမသို့သွားရောက်၍ ကျောက်ဖြူ တပ်နယ်မှ

## မင်းကြောင်းချောင်းတံတား

**ကျောက်ဖြူခရိုင် ရမ်းဗြဲမြို့နယ် ရန်ကုန်-ကျောက်ဖြူလမ်းပေါ်ရှိ ပင်မတံတား ၉၀၄ပေ၊ ကျောက်ဖြူဘက်ကမ်းနှင့် မအီဘက်ကမ်း ချဉ်းကပ်လမ်းပေ ၉၀၀စီ စုစုပေါင်း တံတားအရှည် ၂၇၀၄ပေရှိပြီး လူသွားလမ်းအကျယ် တစ်ဖက်လျှင်သုံးပေစီနှင့် ယာဉ်သွားလမ်းအကျယ် ၂၄ပေရှိသည့် မင်းကြောင်းချောင်းတံတား ၈၀ ရာခိုင်နှုန်း တည်ဆောက်ပြီးစီးနေမှု အခြေအနေကို ဒီဇင်ဘာ ၁ ရက်က တွေ့ရစဉ်။ (သတင်းစဉ်)**



အရာရှိ၊စစ်သည်နှင့် မိသားစုဝင်များအား ရင်းရင်းနှီးနှီး တွေ့ဆုံကာ နှုတ်ဆက်စကားပြောကြားသည်။

ထိုမှတစ်ဆင့် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ကျောက်ဖြူလေဆိပ်သို့ ပြန်လည်ရောက်ရှိကြသည်။ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည့် ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ဆရာဆရာမများနှင့် ကျောင်းသားကျောင်းသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဘင်ခရာ၊ ပန်းဖွား၊ မင်္ဂလာစည်တော်အဖွဲ့၊ ရိုးရာယဉ်ကျေးမှုအကအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထိုမှတစ်ဆင့် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် တပ်မတော်ရဟတ်ယာဉ်များဖြင့် ထွက်ခွာလာကြရာ ညနေ ၅နာရီခွဲတွင် သံတွဲလေဆိပ်သို့ ရောက်ရှိကြသည်။

## သံတွဲလေဆိပ်မှကြိုဆို

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များအား သံတွဲခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဘင်ခရာ၊ ပန်းဖွား၊ ကဗျာလွတ်နှင့် မင်္ဂလာစည်တော်အဖွဲ့၊ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအကအဖွဲ့ဝင်များ၊ ဆရာဆရာမများ၊ ကျောင်းသားကျောင်းသူများနှင့် ဒေသခံပြည်သူများက သံတွဲလေဆိပ်မှ ကြိုဆိုကြသည်။

ယင်းမှတစ်ဆင့် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် သံတွဲမြို့ အဏ္ဏဝါရိပ်သာသို့ ရောက်ရှိရပ်နားကြသည်။

ရခိုင်ပြည်နယ် သံတွဲမြို့၌ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား ရခိုင်ပြည်နယ် သံတွဲဒေသအတွင်းအကောင်အထည်ဖော်ဆောင်ရွက်မည့် ရေအားလျှပ်စစ်စီမံကိန်းများနှင့်စပ်လျဉ်း၍ ယနေ့ နံနက် ၉ နာရီခွဲတွင် ရခိုင်ပြည်နယ် သံတွဲမြို့ အဏ္ဏဝါရိပ်သာခန်းမ၌ ရှင်းလင်းတင်ပြသည်။

## လျှပ်စစ်ဓာတ်ထုတ်လုပ်မှုတင်ပြ

ရှေးဦးစွာ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များအား လျှပ်စစ်စွမ်းအားဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်က ရခိုင်ပြည်နယ်သံတွဲဒေသအတွင်း အကောင်အထည်ဖော် ဆောင်ရွက်သွားမည့် သူငွေချောင်းရေအားလျှပ်စစ်စီမံကိန်း၊ သံတွဲချောင်းရေအားလျှပ်စစ်စီမံကိန်းနှင့် ကျိန္တလိရေအားလျှပ်စစ်စီမံကိန်းတို့နှင့်စပ်လျဉ်း၍ စီမံကိန်းဆိုင်ရာ အချက်အလက်များ၊ စီမံကိန်းအလိုက် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရရှိနိုင်သည့် အခြေအနေတို့ကို မြေပုံကားချပ်ဖြင့် ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်မှူးချုပ်မင်းအောင်လှိုင်၊ စွမ်းအင်ဝန်ကြီးဌာနဝန်ကြီးဗိုလ်မှူးချုပ်လွန်းသီ၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ထွေးဦးတို့ကလည်း လိုအပ်သည်များ ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

## လမ်းညွှန်မှာကြား

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက တင်ပြချက်များနှင့်စပ်လျဉ်း၍ သံတွဲ ဒေသရှိ ရေအားလျှပ်စစ်စီမံကိန်းများအနက် သူငွေချောင်းရေအားလျှပ်စစ်စီမံကိန်းကို ဦးစားပေးစတင်တည်ဆောက်ရန်နှင့် အမ်းဒေသအတွက် အမ်းချောင်းရေအားလျှပ်စစ်စီမံကိန်းကိုလည်း လိုအပ်သည့် လေ့လာတိုင်းတာမှုများပြုလုပ်၍ အမြန်အကောင်အထည်ဖော် တည်ဆောက်ရန် လမ်းညွှန်မှာကြားသည်။

အမ်းဒေသဖွံ့ဖြိုးရေးအတွက် တည်ဆောက်မည့် အမ်းချောင်းရေအားလျှပ်စစ်စီမံကိန်းမှာ ပဏာမလေ့လာတိုင်းတာမှုအရ လျှပ်စစ်ဓာတ်အား ၁၅ မဂ္ဂါဝပ်ထုတ်လုပ်နိုင်စွမ်းရှိသည့် အငယ်စားရေအားလျှပ်စစ်စီမံကိန်းဖြစ်သည်။

## ဦးစားပေးတည်ဆောက်

သံတွဲဒေသ၌ တည်ဆောက်မည့် ရေအားလျှပ်စစ်စီမံကိန်း သုံးခုရှိရာ သူငွေချောင်းရေအားလျှပ်စစ်စီမံကိန်းကို သံတွဲမြို့အရှေ့မြောက်ဘက် ၁၅မိုင် ခန့်အကွာရှိ သတဲချောင်း၊ သို့မဟုတ် သူငွေချောင်းပေါ်တွင် တည်ဆောက်သွားမည်ဖြစ်ပြီး လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၁၀၀ ထုတ်လုပ်နိုင်စွမ်းရှိသဖြင့် သံတွဲဒေသနှင့် ငပလီကမ်းခြေ ဟိုတယ်လုပ်ငန်းဖွံ့ဖြိုးရေးအတွက် ဦးစားပေးတည်ဆောက်သွားမည်ဖြစ်သည်။

သံတွဲချောင်းရေအားလျှပ်စစ်စီမံကိန်းမှာ သံတွဲမြို့၏ အရှေ့တောင်ဘက် ၁၃မိုင်အကွာ သံတွဲချောင်းပေါ်၌ တည်ဆောက်မည့် စီမံကိန်းဖြစ်ပြီး လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၃၀ ထုတ်လုပ်နိုင်စွမ်းရှိမည်ဖြစ်သည်။

ကျိန္တလိရေအားလျှပ်စစ်စီမံကိန်းမှာ သံတွဲမြို့၏ အရှေ့တောင်ဘက် ၃၈မိုင်ခန့်အကွာ ကျိန္တလိချောင်းပေါ်၌ တည်ဆောက်မည်ဖြစ်ပြီး စက်တပ်ဆင်အင်အား ၂၈မဂ္ဂါဝပ်ရှိသည်။

## ဟိုတယ်လုပ်ငန်းကြည့်ရှု

ထိုမှတစ်ဆင့် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် တိုင်းမှူး ဗိုလ်မှူးချုပ်မင်းအောင်လှိုင် လိုက်ပါလျက် ရခိုင်ပြည်နယ် သံတွဲမြို့ ငပလီကမ်းခြေတစ်လျှောက် ဆောင်ရွက်လျက်ရှိသည့် ပုဂ္ဂလိကဟိုတယ်လုပ်ငန်းများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် AMATA Resort သို့ ရောက်ရှိကြရာ လုပ်ငန်းရှင် ဦးဝင်းအောင်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် AMATA Resort ရှိ တည်းခိုခန်းဆောင်များသို့ ဝင်ရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို သက်ဆိုင်ရာတာဝန်ရှိသူတို့အား မှာကြားသည်။

ထိုမှတစ်ဆင့် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် Sandoway Reasort သို့ ရောက်ရှိကြရာ လုပ်ငန်းရှင် ဒေါက်တာမြတ်ကျော်နှင့် တာဝန်ရှိသူတို့က ကြိုဆိုကြသည်။

## လုပ်ငန်းရှင်များအားနှုတ်ဆက်

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် တည်းခိုဆောင်များသို့ ဝင်ရောက်ကြည့်ရှုစစ်ဆေးသည်။ ဆက်လက်၍ ငပလီကမ်းခြေတစ်လျှောက် အပန်းဖြေစခန်းများ၏ အခြေအနေတို့ကို ရှုရပ်မှနေ၍ ကြည့်ရှုစစ်ဆေးပြီး သက်ဆိုင်ရာလုပ်ငန်းရှင်များအား အားပေးနှုတ်ဆက်သည်။

ဆက်လက်၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ငပလီကမ်းခြေဟိုတယ်သို့ ရောက်ရှိကြရာ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ဟိုတယ်လုပ်ငန်းရှင်များနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

## ငပလီကမ်းခြေလေ့လာ

ရှေးဦးစွာ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ဟိုတယ်ရှိ နားနေဆောင်များ၊ ငပလီကမ်းခြေတစ်လျှောက် အပန်းဖြေနိုင်မှု အခြေအနေအလားအလာတို့ကို ကြည့်ရှုအားပေးသည်။

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်က မြန်မာနိုင်ငံသို့ ကမ္ဘာလှည့်ခရီးသည်များ ပိုမိုလာရောက်ရေးအတွက် အသုံးပြုမည့် ကြော်ငြာရိုက်ကူးထားမှု၊ ငပလီကမ်းခြေတစ်လျှောက် ဟိုတယ်လုပ်ငန်းရှင်များက ဟိုတယ်နှင့် အပန်းဖြေစခန်းများ တိုးချဲ့တည်ဆောက်လျက်ရှိသည့် အခြေအနေ၊ ဟိုတယ်အင်အားနှင့် ခရီးသည်များ လာရောက်မှုအခြေအနေတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

## မြေနေရာချထားမှုကြည့်ရှု

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက လိုအပ်သည်များကို မှာကြားပြီး ငပလီကမ်းခြေတစ်လျှောက် လုပ်ငန်းရှင်များအား မြေနေရာချထားမှုနှင့် ဟိုတယ်တည်ဆောက်မှုအခြေပြမြေပုံကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များသည် Amazing Ngapali Resort သို့ ရောက်ရှိကြရာ မန်နေဂျင်းဒါရိုက်တာ ဦးဇေယျာမင်းဒင်၊ မန်နေဂျာ ဒေါ်အေးအေးသာထွန်းနှင့်တာဝန်ရှိသူများ၊ ဝန်ထမ်းများက ကြိုဆိုကြသည်။

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် Amazing Ngapali Resort ရှိ Studio Suite ခန်းသို့ ဝင်ရောက်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူတို့က လိုက်လံရှင်းလင်းပြသကြသည်။

ဆက်လက်၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် Amazing Ngapali Resort မှတစ်ဆင့် ငပလီကမ်းခြေ၏ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှု အခြေအနေကို ကြည့်ရှုပြီး လိုအပ်သည်များကို ထပ်မံလမ်းညွှန်မှာကြားသည်။

ထိုမှတစ်ဆင့် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် သံတွဲမြို့ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေတို့ကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

## ပို့ဆောင်နှုတ်ဆက်

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် သံတွဲလေဆိပ်သို့ရောက်ရှိကြရာ တိုင်းမှူး ဗိုလ်မှူးချုပ်မင်းအောင်လှိုင်နှင့် တပ်မတော်အရာရှိကြီးများ၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မင်္ဂလာစည်တော်အဖွဲ့၊ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့၊ ဘင်ခရာ၊ ပန်းဖွား၊ ကဗျာလွတ်နှင့် စည်တော်အဖွဲ့ဝင်များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံပြည်သူများက ပို့ဆောင်နှုတ်ဆက်ကြသည်။

ထိုမှတစ်ဆင့် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် တပ်မတော် လေယာဉ်ဖြင့် သံတွဲလေဆိပ်မှ ပြန်လည်ထွက်ခွာကြရာ ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။ **(သတင်းစဉ်)**

- ❐ **သံတွဲဒေသ၌ တည်ဆောက်မည့် ရေအားလျှပ်စစ်စီမံကိန်း သုံးခုရှိရာ သူငွေချောင်းရေအားလျှပ်စစ်စီမံကိန်းကို သံတွဲမြို့အရှေ့မြောက်ဘက် ၁၅ မိုင်ခန့်အကွာရှိ သတဲချောင်း (သို့မဟုတ်) သူငွေချောင်းပေါ်တွင် တည်ဆောက်သွားမည်ဖြစ်ပြီး လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၁၀၀ ထုတ်လုပ်နိုင်စွမ်းရှိသဖြင့် သံတွဲဒေသနှင့် ငပလီကမ်းခြေဟိုတယ်လုပ်ငန်း ဖွံ့ဖြိုးရေးအတွက် ဦးစားပေးတည်ဆောက်သွားမည်။**
- ❐ **သံတွဲချောင်းရေအားလျှပ်စစ်စီမံကိန်းမှာ သံတွဲမြို့၏ အရှေ့တောင်ဘက် ၁၃မိုင်အကွာ သံတွဲချောင်းပေါ်၌ တည်ဆောက်မည့် စီမံကိန်းဖြစ်ပြီး လျှပ်စစ်ဓာတ်အားမဂ္ဂါဝပ် ၃၀ ထုတ်လုပ်နိုင်စွမ်းရှိမည်။**
- ❐ **ကျိန္တလိရေအားလျှပ်စစ်စီမံကိန်းမှာ သံတွဲမြို့၏အရှေ့တောင်ဘက် ၃၈မိုင်ခန့်အကွာ ကျိန္တလိချောင်းပေါ်၌ တည်ဆောက်မည်ဖြစ်ပြီး စက်တပ်ဆင်အင်အား ၂၈ မဂ္ဂါဝပ်ရှိ။**



## ဟိုတယ်လုပ်ငန်းရှင်များ ကိုယ်စားလှယ်အဖွဲ့ ခရီးသွားလုပ်ငန်းမြှင့်တင်ရန် အိန္ဒိယနိုင်ငံသို့ထွက်ခွာ

**ရန်ကုန် ဒီဇင်ဘာ ၂**

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနနှင့်မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်းတို့၏စီစဉ်မှုဖြင့် မန္တလေးဇုန် ဟိုတယ်အသင်းဥက္ကဋ္ဌ ဦးအောင်ခိုင် ဦးဆောင်၍ ပုဂံဇုန်ဥက္ကဋ္ဌ ဦးသန်းရွှေ၊ မော်လမြိုင်ဇုန်ဥက္ကဋ္ဌ ဦးခင်မောင်ရင်နှင့်ဟိုတယ်ဝန်ထမ်းလေးဦး၊ ယဉ်ကျေးမှုအဆိုအကအဖွဲ့ဝင် ၁၂ ဦး၊ စားဖိုမှူးလေးဦးတို့ပါဝင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် အိန္ဒိယနိုင်ငံတွင် International Myanmar Night ပွဲတော်ကျင်းပရန်အတွက် ယမန်နေ့ညနေပိုင်းက နယူးဒေလီမြို့သို့ လေကြောင်းခရီးဖြင့် ထွက်ခွာသွားရာ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးငွေအောင်၊ မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌဒေါက်တာခင်ရွှေနှင့်အမှုဆောင်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

ဟိုတယ်အသင်း ကိုယ်စားလှယ်အဖွဲ့သည်နှစ်နိုင်ငံယဉ်ကျေးမှုဖလှယ်ရေး၊ ခရီးသွားလုပ်ငန်းမြှင့်တင်ရေး အစီအစဉ်အရ ဒီဇင်ဘာ ၂ ရက်တွင် နယူးဒေလီမြို့ အာသောကဟိုတယ်၌ Myanmar Night ကျင်းပ၍ မြန်မာအစားအစာများ မိတ်ဆက် ဧည့်ခံကျွေးမွေးခြင်း၊ မြန်မာအကများကပြဖျော်ဖြေခြင်း၊ မြန်မာပြည်၏ သဘာဝအလှနှင့်သယံဇာတများ၊ ကမ္ဘာလှည့်ခရီးသည် စိတ်ဝင်စားဖွယ်နေရာများကို ဗီဒီယို၊ ဗွီစီဒီဆလိုက်များဖြင့် ပြသရှင်းလင်းခြင်းများဆောင်ရွက်သွားမည်ဖြစ်ပြီး ဒီဇင်ဘာ ၃ ရက်နှင့်၄ ရက်တွင်လည်း မြန်မာအကများဖြင့် ဖျော်ဖြေတင်ဆက်ပြီး မြန်မာအစားအစာများ ရောင်းချရန်စီစဉ်ထားသည်။

မြန်မာနိုင်ငံ ဟိုတယ်လုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးတင်မောင်ရွှေနှင့်အဖွဲ့ဝင်နှစ်ဦးသည် နယူးဒေလီမြို့သို့ နိုဝင်ဘာ ၂၈ ရက်က ကြိုတင်ထွက်ခွာသွားကြောင်းသိရသည်။ **(သတင်းစဉ်)**

စုပေါင်းကာကွယ် မီးဘေးအန္တရာယ်

# ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်တန်းခေါင်းဆောင်များ၏ အစည်းအဝေးကြီး

# The World Buddhist Summit

## ဘုမိနက်သန် နေရာမှန်

**သီတဂူဆရာတော်**

ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကြီးကို ဒီဇင်ဘာလ ၉ ရက်မှ ၁၁ ရက်အထိ သုံးရက်တိုင်တိုင် ရန်ကုန်မြို့ သီရိမင်္ဂလာကုန်းမြေရှိ ဆဋ္ဌသံဂါယနာတင်ခဲ့ရာ မဟာပါသာဏလိုဏ်ဂူတော်ကြီးမှာ ကျင်းပဖို့ အားလုံးပြင်ဆင်ထားပြီး ဖြစ်နေပေပြီ။ ဆဋ္ဌသံဂါယနာတင်ရာ လိုဏ်ဂူတော်ကြီးသည် သာသနာ့သမိုင်းဝင် ထူးမြတ်သည့်နေရာကြီး ဖြစ်သည်။ လွန်ခဲ့သော ၄၈နှစ် ၁၉၅၆ ခုနှစ်က မြန်မာ၊ သီရိလင်္ကာ၊ ထိုင်း၊ လာအို၊ ကမ္ဘောဒီးယားဟူသော ထေရဝါဒ ဗုဒ္ဓဘာသာဝင် ငါးနိုင်ငံမှ သံဃာရာဇာများ ပေါင်းဆုံညီညွတ်၍ သံဂါယနာပွဲကြီးကို နှစ်နှစ်တိုင်တိုင် ကျင်းပခဲ့ရာ သာသနာ့သမိုင်းဝင် မော်ကွန်းတင်နေရာကြီး ဖြစ်သည်။ မြန်မာ၊ သီရိလင်္ကာ၊ ထိုင်း၊ လာအို၊ ကမ္ဘောဒီးယား ဝန်ကြီးချုပ် ငါးဦးတို့ ဆုံစည်းရာလည်း ဖြစ်ခဲ့သည်။ သံဂါယနာပွဲတော်ကြီးကို ငါးပိုင်းခွဲ၍–

(၁) မြန်မာ့သံဂါယနာ

(၂) သျာမ(ထိုင်း)

(၃) လဝ(လာအို)သံဂါယနာ

(၄) ကမ္ဘောဇ(ကမ္ဘောဒီးယား)သံဂါယနာ

(၅) လင်္ကာဒီပ(သီရိလင်္ကာ)သံဂါယနာ

ဟူ၍ ငါးမည်တပ်လျက် ဆိုင်ရာဆိုင်ရာ သံဃရာဇာများက ခေါင်းဆောင်၍ ကျင်းပတော်မူခဲ့ကြသည်။ ပိဋကတ်သုံးပုံပါဠိတော် သံဂါယနာပွဲကြီးပြီးသော ၁၃၁၈ ခုနှစ် (၁၉၅၈) ကဆုန်လပြည့်နေ့သည် မြတ်ဗုဒ္ဓ ပရိနိဗ္ဗာန်ပြုပြီးသည့်နောက် နှစ်ပေါင်း ၂၅၀၀ ပြည့်သောနှစ် သာသနာ ၂၅၀၀ ပြည့် ဗုဒ္ဓဇယန္တီအောင်ပွဲ၌ ထေရဝါဒ ငါးနိုင်ငံမျှသာမက တရုတ်၊ မွန်ဂိုလီးယား၊ ဂျပန် စသော မဟာယာနနိုင်ငံများမှ ဗုဒ္ဓဘာသာခေါင်းဆောင်များ၊ နိုင်ငံခေါင်းဆောင်များလည်း စည်ကားစွာ တက်ရောက်ခဲ့ကြလေသည်။

**Summit**

**ယခုအခါ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစိုးရက ဤသမိုင်းဝင် ဆဋ္ဌသံဂါယနာတင်ခဲ့ရာ လိုဏ်ဂူတော်ကြီး၌ သာသနာသမိုင်းဝင်မည့်၊ သမိုင်းတင်လောက်သည့် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးအစည်းအဝေးကြီးတစ်ခု ကျင်းပဖို့ အားလုံးပြင်ဆင်ပြီး အဆင်သင့် ဖြစ်နေပေပြီ။ အာရှ၊ ဥရောပ၊ အမေရိကနှင့် ဩစတြေးလျ တိုက်များရှိ နိုင်ငံပေါင်း ၃၇ နိုင်ငံတို့မှ ဗုဒ္ဓဘာသာ ထိပ်တန်းခေါင်းဆောင်များကို ဖိတ်ကြားပြီး ဖြစ်သည်။**

၁၉၉၈ ခုနှစ်က နီပေါနိုင်ငံ မြတ်ဗုဒ္ဓဖွားမြင်ရာ လုမ္ဗိနီဥယျာဉ်၌ လုမ္ဗိနီဖွံ့ဖြိုးတိုးတက်ရေးကော်မတီက ဦးဆောင်၍ World Buddhist Summit ကို ကျင်းပခဲ့သည်။ ထိုနှစ်မှာပင် ဂျပန်နိုင်ငံ ကျိုတိုမြို့၌လည်း နင်ဘုစုရှုဂိုဏ်းက Buddhist Summit ကို အပြိုင်ကျင်းပခဲ့သည်။ ထို Summit သို့ ထိုင်းသံဃရာဇာတို့ တက်ရောက်ခဲ့ပြီး မြန်မာကိုယ်စားလှယ်အဖြစ် ဒေါက်တာရေဝတ တက်ရောက်ခဲ့သည်။

နိုင်ငံတစ်ခု၏ ကိုယ်စားလှယ်ဟူသည် ထိုနိုင်ငံ၏အစိုးရ၊ သို့မဟုတ် ထိုနိုင်ငံမှာ တရားဝင်ရပ်တည်နေသော အသင်းအဖွဲ့တစ်ခုခုက ရွေးချယ်စေလွှတ်သော ပုဂ္ဂိုလ်သာဖြစ်ရမည်ဟု ယုံကြည်သည်။ ထို့ကြောင့် ဂျပန်မှာ ကျင်းပသော ပထမအကြိမ် Summit သို့ မြန်မာနိုင်ငံမှ တက်ရောက်သော ကိုယ်စားလှယ် မရှိခဲ့ပါ။

သာသနာရေးတွင် မြန်မာနိုင်ငံသည် အခြားသော ဗုဒ္ဓဘာသာနိုင်ငံများနှင့် မတူ ထူးခြားသည့် နိုင်ငံဖြစ်သည်။ သံဃာဦးရေ လေးသိန်းနီးပါးရှိသည်။ သံဃာဂိုဏ်းကြီး ကိုးဂိုဏ်းကို တစ်ပေါင်းတည်းပြု၍ သံဃနာယကအဖွဲ့များကို အဆင့်ဆင့်ဖွဲ့၍ သာသနာရေးဝန်ကြီးဌာနနှင့် တွဲဖက်အုပ်ချုပ်ကာ သာသနာတော်ကို ပြုစုစောင့်ရှောက် ထောက်ပံ့လျက်ရှိသည်။ ထိုင်း၊ သီဟိုဠ်တို့မှာပင် မရှိသော သာသနာရေးဝန်ကြီးဌာနကို အစိုးရအဖွဲ့တွင် ပါဝင်ဖွဲ့စည်းလျက် သီးခြား ဘတ်ဂျက်ငွေများ သတ်မှတ်ပေးထားလေသည်။ အခြားနိုင်ငံတို့မှာ သာသနာရေးကို ညွှန်ကြားရေးမှူးတစ်ယောက်၊ နှစ်ယောက်မျှ ခန့်ထားပြီး ယဉ်ကျေးမှုဝန်ကြီးဌာန သို့မဟုတ် ပညာရေးဝန်ကြီးဌာန လက်အောက်မှာ ဖွဲ့စည်းထားသည်ကို တွေ့ရသည်။ ဤအချက်ကို သိသော နင်ဘုစုရှုဂိုဏ်းသည် သူတို့ဦးဆောင်သော ဒုတိယ Summit ကို ဗန်ကောက်၌ကျင်းပ၍ မြန်မာနိုင်ငံကို ဖိတ်ကြားခဲ့လေသည်။ သူတို့ဂိုဏ်းသည် ဂျပန်ရှိ ဗုဒ္ဓဘာသာဂိုဏ်းပေါင်း ၁၅၀ ခန့်ရှိသည့်အနက် တတိယတန်းစားနေရာမှာရှိသော ဂိုဏ်းတစ်ခုဖြစ်သည်။ ငွေကြေးပေါများသည်ကို အမှီပြု၍ Summit ထောင်ကာ နိုင်ငံတကာမှာ အစည်းအဝေးများ ကျင်းပ၍ ထင်ပေါ်ကျော်ကြားမှုကို ရယူနေခြင်း ဖြစ်သည်။ ၂၀၀၀ ပြည့်နှစ်က ဗန်ကောက်တွင် ကျင်းပသော ဒုတိယ Summit တွင် Summit ၏ အမြဲတမ်းဥက္ကဋ္ဌကို သူတို့ဂိုဏ်းက ယူမည်။ ဌာနချုပ်ကို ဂျပန်တွင် ထားမည်။ ဗာတီကန်ကဲ့သို့ ကြီးကျယ်အောင်လုပ်မည်ဟု ကြွေးကြော်ခဲ့သည်။ ၂၀၀၂ ခုနှစ်တွင် ဖနောင်ပင်မြို့တွင် ကျင်းပခဲ့သည်။ ၁၅ နိုင်ငံ တက်ရောက်ခဲ့သည်။

ထိုဖနောင်ပင် အစည်းအဝေးတွင် နင်ဘုစုရှု ဂိုဏ်းခေါင်းဆောင်များက ပြောကြသည်။ "ထေရဝါဒ ဗုဒ္ဓဘာသာနိုင်ငံတွေကရော မဟာယာန ဗုဒ္ဓဘာသာနိုင်ငံတွေကပါ 'မြန်မာနိုင်ငံ၏ ထေရဝါဒ ဗုဒ္ဓသာသနာသည် မူရင်းကျကျ သန့်သန့်ရှင်းရှင်း ရှင်သန်နေကြောင်း၊ တိုင်းသူပြည်သားတွေကလည်း အလွန်ဘာသာရေး ကြည်ညိုကိုင်းရှိုင်းကြောင်း၊ စေတီဘုရားများလည်း အလွန်များကြောင်း၊ ပိဋကတ်သုံးပုံဆောင် ပုဂ္ဂိုလ်တွေလည်း ရှိကြောင်း' ပြောကြသည်။ သို့ဖြစ်၍ မြန်မာပြည်ကို အားလုံးက အလွန်လာချင်ကြသည်။ စတုတ္ထ Summit ကို မြန်မာကယူပါ"ဟု တိုက်တွန်းကြသည်။

ထို့ကြောင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် မြန်မာကိုယ်စားလှယ်အဖွဲ့ အပြန်အလှန်တိုင်ပင်၍ စတုတ္ထ Summit ကို လက်ခံကျင်းပမည်ဖြစ်ကြောင်း ဖနောင်ပင်အစည်းအဝေးတွင် ကြေညာခဲ့လေသည်။ ထိုအစည်းအဝေးတွင် မြန်မာဘက်မှ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ သရက်အောင်မင်္ဂလာ ဆရာတော် ခေါင်းဆောင်၍ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ မျိုးမြင့်၊ ထေရဝါဒတက္ကသိုလ် ဒုတိယ ပါမောက္ခချုပ် ဒေါက်တာ လှဖေနှင့် သီတဂူဆရာတော်တို့ ပါဝင်သော ကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့ကြသည်။

၂၀၀၄ ခုနှစ် ရန်ကုန်တွင်ကျင်းပမည့် စတုတ္ထအကြိမ် Summit အတွက် ကြိုတင်ညှိနှိုင်းအစည်းအဝေးများကို ကျိုတိုတွင် နှစ်ကြိမ်၊ ရန်ကုန်တွင် နှစ်ကြိမ်ပြုလုပ်၍ နားလည်မှုစာချွန်လွှာ MoU ထိုးခဲ့ကြသည်။ ထိုနားလည်မှုစာချွန်လွှာတွင်–

(၁) အစည်းအဝေးကို ၂၀၀၄ခုနှစ် ဒီဇင်ဘာလတွင် ရန်ကုန်၌ ကျင်းပမည်၊

(၂) "The Fourth World Buddhist Summit ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးအစည်းအဝေး"ဟူသော ခေါင်းစဉ်နှင့်အညီ တစ်ကမ္ဘာလုံး ဗုဒ္ဓဘာသာထိပ်တန်းအဖွဲ့တွေကို စုံအောင်ဖိတ်ကြားရန်၊

(၃) နီပေါနိုင်ငံသည် မြတ်ဗုဒ္ဓ၏ ဖွားမြင်ရာဖြစ်ခြင်းကြောင့် Summit ၏ ဗဟိုဦးစီးအဖွဲ့တွင် ထည့်ရန်၊

(၄) နင်ဘုစုရှုဘက်က ၁၇ နိုင်ငံ ဖိတ်မည်၊ ထို ၁၇ နိုင်ငံမှ ကိုယ်စားလှယ်များ၏ ပြည်ပလေယာဉ်ခနှင့် မြန်မာပြည်တွင်း အစည်းအဝေးကာလ ဟိုတယ်စရိတ်တို့ကို တာဝန်ယူမည်၊

(၅) ဥရောပနှင့် အမေရိကဘက်မှ ဗုဒ္ဓဘာသာခေါင်းဆောင်များကို မြန်မာကဖိတ်ကြားပြီး၊ မြန်မာဘက်က စရိတ်အားလုံး တာဝန်ယူရန်၊ (မှတ်ချက်– အီတလီ၊ ပြင်သစ်နှင့် ဂျာမနီသုံးနိုင်ငံကို နင်ဘုစုရှုက ဖိတ်ကြားရန် တာဝန်ယူသွားသည်)

(၆) ကိုယ်စားလှယ်အားလုံးကို ပုဂံနှင့် မန္တလေးမြို့များသို့ ပို့ဆောင်ပေးရမည်၊ မြန်မာအစိုးရဘက်က တာဝန်ယူရမည်၊

(၇) အစည်းအဝေးကျင်းပရာ လိုဏ်ဂူတော်ကြီးအတွင်း မွမ်းမံခြင်း၊ ပြင်ဆင်ခြင်းနှင့် အခြားအသုံးစရိတ်အားလုံး မြန်မာဘက်က တာဝန်ယူရမည်၊

(၈) အစည်းအဝေးမှတ်တမ်းရိုက်ခြင်း၊ Audio, Video မှတ်တမ်းတင်ခြင်း၊ ဖြန့်ချိခြင်းတို့ကို မြန်မာဘက်က တာဝန်ယူရမည်

စသည်ဖြင့် အချက်ပေါင်း ၂၀ ကျော်ပါဝင်သော MoU နားလည်မှုစာချွန်လွှာကို လက်မှတ်ထိုးကြသည်။

အထက်ပါအချက်အလက်များကို ကြည့်ခြင်းဖြင့် စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာအစည်းအဝေးကြီးမှာ ဂျပန် နင်ဘုစုရှုဂိုဏ်း၏ အထောက်အပံ့ အကူအညီမှာ အသုံးစရိတ်အားလုံး၏ ၁၀ ပုံ တစ်ပုံမျှသာရှိသည်။ သို့ဖြစ်ခြင်းကြောင့် နင်ဘုစုရှု၏ အထောက်အပံ့မပါသည့်အတွက် အစည်းအဝေးကြီးကို မည်သို့မျှ မထိခိုက်ကြောင်း ထင်ရှားသည်။

နင်ဘုစုရှုဂိုဏ်းဆရာတို့သည် မြန်မာဝန်ကြီးချုပ် အပြောင်းအလဲကို အကြောင်းပြကာ သူတို့ သဘောတူ လက်မှတ်ထိုးထားခဲ့သော နားလည်မှုစာချွန်လွှာ MoU ကို ဖောက်ဖျက်ကာ အစည်းအဝေးမလုပ်တော့ကြောင်း ကြေညာခဲ့လေသည်။ ဖိတ်ကြားပြီးသောနိုင်ငံများမှ ဗုဒ္ဓဘာသာခေါင်းဆောင်များကိုလည်း အစည်းအဝေးဖျက်သိမ်းကြောင်း၊ Summit ကို ဆက်လုပ်လျှင် တရားမဝင်ကြောင်း ကြေညာခဲ့လေသည်။ နင်ဘုစုရှုသည် အသင်းအဖွဲ့သာ ဖြစ်သည်။ မြန်မာဘက်က အစိုးရကိုယ်တိုင် ဦးဆောင်ခြင်းဖြစ်သည်။ နင်ဘုစုရှုကဲ့သို့ သာမန်အသင်းကလေးတစ်ခုက မည်သည့်အစိုးရကိုမျှ တုပြိုင်ကြေညာဆန့်ကျင်နိုင်ခြင်း၊ ဆန့်ကျင်နိုင်ခွင့် မရှိချေ။ နှစ်ဖက်လက်မှတ်ရေးထိုးထားသော သဘောတူညီချက်ကို ဖျက်သိမ်းလိုလျှင် နှစ်ဖက်သဘောတူညီချက်ဖြင့်သာ ဖျက်သိမ်းရမည်။ နင်ဘုစုရှုတို့က ဖျက်သိမ်းသွားခဲ့သော်လည်း မြန်မာအစိုးရက မဖျက်သိမ်းလျှင် သူတို့ ဘာများ လုပ်နိုင်ပါအံ့နည်း။ နင်ဘုစုရှုတို့ အထောက်အပံ့မှ ရုပ်သိမ်းသွားသော ၁၇ နိုင်ငံကို မြန်မာအစိုးရက တာဝန်ယူထောက်ပံ့လျှင်ရော နင်ဘုစုရှုတို့ ဘာများ လုပ်နိုင်ပါတော့မည်နည်း။ ကန့်ကွက်ပိုင်ခွင့်ရော ရှိပါရဲ့လား။ World Buddhist Summit ဆိုသော စကားကလည်း နင်ဘုစုရှုတို့ ကမ္ဘာ့တရားရုံး တစ်ခုခုမှာ မှတ်ပုံတင် အပိုင်ယူထားသော စာလုံးမဟုတ်ပေ။ ကမ္ဘာ့ဘုံဆိုင် စကားလုံးသာ ဖြစ်သည်။ **နိုဝင်ဘာလ ၃၀ ရက်မှ စတင်၍ World Buddhist Summit ကို လုမ္ဗိနီမှာ ကျင်းပလျက်ရှိသည်။ မြန်မာကိုယ်စားလှယ်အဖွဲ့လည်း တက်ရောက်လျက်ရှိသည်။ နင်ဘုစုရှုတို့ အနေဖြင့် ဘာမျှပြောပိုင်ခွင့်မရှိပါ။**

**မြန်မာ–ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးအစည်းအဝေးကြီး**

ယခုတော့ မြန်မာကသာ ဦးဆောင်စည်းရုံး တာဝန်ယူကျင်းပသော The World Buddhist Summit ကို သိုက်သိုက်မြိုက်မြိုက် ကျင်းပမည် ဖြစ်သည်။ နေ့ရက်၊ နေရာ မူဝါဒပြောင်းလဲခြင်း မရှိပါ။ နင်ဘုစုရှုတို့ ဖောက်ပြန်သွားသည့်အတွက် မြန်မာအပေါ် ရိုးသားစိတ်ရှိသည့် အခြား ဂျပန်ဗုဒ္ဓဘာသာအဖွဲ့ကို ဖိတ်ကြားလိုက်ပါပြီ။ တက်ရောက်ကြပါလိမ့်မည်။ နင်ဘုစုရှုတို့ ဖိတ်ကြားပြီးမှ ပယ်ခဲ့သော ၁၇ နိုင်ငံကိုလည်း ဖိတ်ကြားပြီးပြီ။ အားလုံးက လှိုက်လှိုက်လှဲလှဲ တက်ရောက်ကြမည်။ ဂျာမနီ၊ ဆွစ်ဇာလန်၊ ဘယ်လ်ဂျီယံ၊ ဟော်လန်၊ ဆွီဒင်၊ ချက်ကိုစလိုဗက်ကီးယား၊ ရိုမေးနီးယား၊ ရုရှား၊ အင်္ဂလန်၊ အမေရိကန်၊ မက္ကဆီကို၊ ဂျမေကာ၊ အင်ဒိုနီးရှား၊ ဩစတြေးလျ နိုင်ငံများမှ ဗုဒ္ဓဘာသာခေါင်းဆောင်များ တက်ရောက်ဖို့ အဆင်သင့်ဖြစ်နေကြပါပြီ။

**Summit (ထိပ်တန်း၊ ထိပ်သီး)အစည်းအဝေးဆိုသည်နှင့် လျော်ညီစွာ နိုင်ငံများမှ "အကြီးအကဲများနှင့် သံဃရာဇာများကို"လည်း ဖိတ်ကြားထားသည်။ တက်ရောက်ဖို့ ပြင်ဆင်နေကြပြီ ဖြစ်သည်။** အိန္ဒိယသမ္မတကြီးနှင့် အခြားနိုင်ငံများမှ ဝန်ကြီးချုပ်များကလည်း ဝမ်းမြောက်ဂုဏ်ပြုကြောင်း သဝဏ်လွှာများ ပေးပို့ထားကြပြီး ဖြစ်သည်။ ပြည်ပမှာ သာသနာပြုနေကြသည့် မြန်မာသံဃာတော် အားလုံးကိုလည်း ဖိတ်ကြားပြီး ဖြစ်သည်။ ပြည်ပနိုင်ငံများ၌ မြန်မာကျောင်းတိုက်ပေါင်း ၁၅၀ ကျော်ရှိသည်။ ပြည်တွင်းမှာလည်း သာသနာပြုတက္ကသိုလ်ကြီး လေးခုမှ ဆရာများ၊ စာသင်သား သံဃာများ၊ တိုင်းနယ်ပြည်နယ်အသီးသီးမှ ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များ၊ တိုင်းနှင့်ပြည်နယ် သံဃနာယက အဖွဲ့ဝင်များ၊ ထင်ရှားသော သမိုင်းဝင်သာသနာရေးအသင်းအဖွဲ့များကိုလည်း ဖိတ်ကြားထားသည်။ အစည်းအဝေးကြီး ဖွင့်ပွဲကျင်းပပုံကို သီရိမင်္ဂလာကုန်းမြေမဟာပါသာဏလိုဏ်ဂူကြီးအတွင်းမှ တစ်ပြည်လုံး၊တစ်ကမ္ဘာလုံးသို့ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ တိုက်ရိုက်ထုတ်လွှင့်ပေးမည် ဖြစ်သည်။

ယခုအခါ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစိုးရက ဤသမိုင်းဝင် ဆဋ္ဌသံဂါယနာတင်ခဲ့ရာ လိုဏ်ဂူတော်ကြီး၌ သာသနာသမိုင်းဝင်မည့် သမိုင်းတင်လောက်သည့် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးအစည်းအဝေးကြီးတစ်ခုကျင်းပဖို့ အားလုံးပြင်ဆင်ပြီး အဆင်သင့်ဖြစ်နေပေပြီ။ အာရှ၊ ဥရောပ၊ အမေရိကနှင့် ဩစတြေးလျ တိုက်များရှိ နိုင်ငံပေါင်း ၃၇ နိုင်ငံတို့မှ ဗုဒ္ဓဘာသာ ထိပ်တန်းခေါင်းဆောင်များကို ဖိတ်ကြားပြီး ဖြစ်သည်။

ဆရာကြီး ဂိုအင်ကာကလည်း နိုင်ငံစုံ တပည့်ယောဂီပေါင်း ၁၀၀ ကျော်ဖြင့် တက်ရောက် ဟောပြောဆွေးနွေးမည် ဖြစ်သည်။

အစည်းအဝေးကြီးကို သုံးရက်ကျင်းပမည် ဖြစ်သည်။

**ပထမနေ့။** ။ နံနက်ပိုင်း ဖွင့်ပွဲအခမ်းအနားနှင့် သံဃရာဇာများနှင့် အကြီးအကဲများက မိန့်ခွန်းပြောကြားကြမည်။ နေ့လယ်ပိုင်းတွင် နိုင်ငံတကာမှ ဗုဒ္ဓဘာသာခေါင်းဆောင်များက စာတမ်းများ ဖတ်ကြား တင်သွင်းကြမည်။

**ဒုတိယနေ့။** ။ နံနက်ပိုင်းတွင် ဆရာကြီး ဂိုအင်ကာ၊ ဒေါက်တာ သျှရီဓမ္မာနန္ဒ၊ ဒေါက်တာ ဂုဏရတန၊ ဒေါက်တာ ရဝိန္ဒပန်နိစသော ဗုဒ္ဓဘာသာ ခေါင်းဆောင်များ၏ စာတမ်းများ ဟောပြောချက်များကို နားထောင်ရမည်။ နေ့လယ်ပိုင်း၌ အဖွဲ့လေးဖွဲ့ခွဲ၍ ဆွေးနွေးပွဲများ ကျင်းပသွားမည် ဖြစ်သည်။

**တတိယနေ့။** ။ နံနက်ပိုင်းတွင် လက်ရွေးစင် ဗုဒ္ဓဘာသာခေါင်းဆောင်များ စားပွဲဝိုင်း ဆွေးနွေးပွဲဖြစ်သည်။ နေ့လယ်ပိုင်း၌ ပူးတွဲကြေညာချက် ထုတ်ပြန်ကြေညာခြင်း၊ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ၏ မိန့်ခွန်း၊ ကိုယ်စားလှယ်များ၏ ကျေးဇူးတင်စကား၊ သဘာပတိ၏ နိဂုံးချုပ်မိန့်ခွန်း၊ စုပေါင်းဓာတ်ပုံရိုက်ခြင်း၊ လက်ဆောင်ပစ္စည်းပေးခြင်း စသည်တို့ဖြင့် စနစ်တကျ ကျင်းပသွားမည် ဖြစ်သည်။

**စိရံတိဋ္ဌတု လောကသ္မိံ၊ သမ္မာသမ္ဗုဒ္ဓသာသနံ။**

**တသ္မိံ သဂါရဝါ နိစ္စံ၊ ဟောန္တု သဗ္ဗေပိ ပါဏိနော။**

သာသနာ့ဆုတောင်းဖြင့် အခမ်းအနားရုပ်သိမ်းမည် ဖြစ်သည်။

**သီတဂူစန်းလပမာ ချမ်းမြသာယာ ရှိကြပါစေ။**

✡ *ကျောဖုံးမှ*

## ကြိုဆိုနှုတ်ဆက်

ရှေ့ဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများသည် နံနက် ၈နာရီ ၁၅မိနစ်မှ စတင်၍ (၁၀)ကြိမ်မြောက် အာဆီယံထိပ်သီးညီလာခံကျင်းပမည့် Lao-ITECCသို့ ရောက်ရှိကြရာ Lao-ITECCအဆောက်အအုံဝင်းအဝင်မှ လာအိုကျောင်းသားကျောင်းသူလူငယ်လေးများက အာဆီယံနိုင်ငံများ၏ အလံငယ်များကို ဝှေ့ယမ်း၍လည်းကောင်း၊ လာအိုရိုးရာ အတီးအမှုတ်အကအခုန်များဖြင့်လည်းကောင်း ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများအား လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်မစ္စတာ ဘောင်ညံဗိုရာချစ်က Lao-ITECC အဆောက်အအုံ ပင်မဆောင်အဝင်မှ ကြိုဆိုနှုတ်ဆက်သည်။

## မှတ်တမ်းဓာတ်ပုံရိုက်

ယင်းနောက် နံနက် ၈နာရီခွဲတွင် (၁၀)ကြိမ်မြောက် အာဆီယံထိပ်သီးညီလာခံကို Lao-ITECC အဆောက်အအုံခန်းမဆောင် B-2၌ ကျင်းပရာ ရှေ့ဦးစွာ အာဆီယံနိုင်ငံများမှနိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့ အကြီးအကဲများ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

## ထိပ်သီးညီလာခံတက်ရောက်

ထို့နောက် (၁၀)ကြိမ်မြောက် အာဆီယံထိပ်သီးညီလာခံကို ကျင်းပသည်။ (၁၀)ကြိမ်မြောက် အာဆီယံထိပ်သီးညီလာခံသို့ ဘရူနိုင်း ဒါရုဆလမ်နိုင်ငံ ဘုရင် ဆူလ်တန် ဟာဂျီဟာဆာနာလ် ဘိုလ်ကီးယားမူအစ်ဇာဒင်ဝါဒိုလာ၊ ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဆမ်ဒက်ဟွန်ဆင်၊ အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ မစ္စတာ ဆူဆီလိုဘန်းဘန်းယူဒိုယိုနို၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘောင်ညံ ဗိုရာချစ်၊ မလေးရှားနိုင်ငံဝန်ကြီးချုပ် ဒါတိုဆီရီ အဗ္ဗဒူလာဘင်ဟာဂျီ အာမက်ဘာဒါဝီ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း၊ ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတ မစ္စစ်ဂလိုရီယာမာဂါပါဂလ် အာရိုယို၊ စင်ကာပူသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ လီရှန်းလွန်း၊ ထိုင်းနိုင်ငံဝန်ကြီးချုပ် ဒေါက်တာ သက်ဆင်ရှင်နာဝပ်၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်




**ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း (၁၀)ကြိမ်မြောက် အာဆီယံထိပ်သီးညီလာခံတွင် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအကြီးအကဲများနှင့်အတူ မှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။** (သတင်းစဉ်)

မစ္စတာ ဖန်ဗန်ခိုင်နှင့် အာဆီယံအတွင်းရေးမှူးချုပ် Mr. Ong Keng Yong တို့ တက်ရောက်ကြသည်။

မြန်မာနိုင်ငံ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ ဒုတိယဝန်ကြီးဦးကျော်သူ၊ အာဆီယံနိုင်ငံများမှ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများနှင့် တာဝန်ရှိပုဂ္ဂိုလ်များသည် (၁၀)ကြိမ်မြောက် အာဆီယံထိပ်သီးညီလာခံကို Lao-ITECC အခန်းအမှတ် B-4၌ တက်ရောက်လေ့လာကြသည်။

## ရှင်းလင်းပွဲတက်ရောက်

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းသည် နံနက် ၁၁ နာရီခွဲတွင် ခန်းမဆောင်(B-2)၌ ဆက်လက်ကျင်းပသည့် အာဆီယံနိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့ အကြီးအကဲများအား အာဆီယံစီးပွားရေးနှင့် အကြံပေးကောင်စီ (ASEAN Business and Advisory Council) မှ တာဝန်ရှိပုဂ္ဂိုလ်များက အာဆီယံနိုင်ငံများ၏ စီးပွားရေးအခြေအနေများနှင့် စပ်လျဉ်းသည့် ရှင်းလင်းပွဲသို့ တက်ရောက်သည်။

ထို့နောက် Vientiane Action Programme နှင့် The ASEAN Framework Agreement for the Integration of the Priority Sectors တို့ လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို Lao-ITECC ရှိ အခန်းအမှတ် B(Theatre-1)၌ကျင်းပရာ နိုင်ငံတော် ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အာဆီယံနိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့ အကြီးအကဲများ တက်ရောက်လက်မှတ်ရေးထိုးကြသည်။

## လက်မှတ်ရေးထိုး

ဆက်လက်၍ ASEAN Sectoral Integration Protocols and ASEAN Protocol on Enhanced Disputes Settlement Mechanism ကို အာဆီယံနိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများ၏ ရှေ့မှောက်၌ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာနှင့် အာဆီယံနိုင်ငံများမှ စီးပွားရေးဝန်ကြီးများက လက်မှတ်ရေးထိုးကြသည်။

အဆိုပါ လက်မှတ်ရေးထိုးပွဲများသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ ဒုတိယဝန်ကြီး ဦးကျော်သူ၊ အာဆီယံနိုင်ငံများမှ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အဆင့်မြင့် အရာရှိကြီးများနှင့် အာဆီယံအတွင်းရေးမှူးချုပ်တို့ တက်ရောက်ကြသည်။

ယင်းနောက် အာဆီယံနိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံတို့မှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများသည် Lao-ITECC အခန်းအမှတ် B-6၌ ကျင်းပသည့် လုပ်ငန်းသဘော နေ့လယ်စာစားပွဲသို့ တက်ရောက်ကြသည်။

## ထိပ်သီးအစည်းအဝေးဆက်

ထို့နောက် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံတို့မှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့ အကြီးအကဲများသည် အာဆီယံ+၃ ထိပ်သီးအစည်းအဝေးကျင်းပမည့် ခန်းမဆောင် B-2၌ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြပြီး အာဆီယံ+၃ ထိပ်သီးအစည်းအဝေးကို ဆက်လက်ကျင်းပသည်။

အဆိုပါ ထိပ်သီးအစည်းအဝေးသို့ အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဝမ်ကြားပေါင်၊ ဂျပန်နိုင်ငံဝန်ကြီးချုပ် မစ္စတာဂျွန်အိချီရိုကိုအိဇုမိ၊ ကိုရီးယားသမ္မတနိုင်ငံ သမ္မတ မစ္စတာ နိုမူဟွန်တို့ တက်ရောက်ကြသည်။

## တက်ရောက်လေ့လာ

အာဆီယံနိုင်ငံများနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံတို့မှ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများ၊ အာဆီယံ အတွင်းရေးမှူးချုပ်နှင့် တာဝန်ရှိသူများသည် အာဆီယံ+၃ ထိပ်သီးအစည်းအဝေးကို Lao-ITECCအခန်းအမှတ် B-4၌ တက်ရောက်လေ့လာကြသည်။




**ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့ Lao-ITECC၌ ကျင်းပသည့် ASEAN+3 ထိပ်သီးအစည်းအဝေးသို့ တက်ရောက်စဉ်။** (သတင်းစဉ်)

ထို့နောက် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့ အကြီးအကဲများနှင့် တရုတ်ပြည်သူ့ သမ္မတနိုင်ငံဝန်ကြီးချုပ်တို့၏ ထိပ်သီးအစည်းအဝေးကို ညနေ ၄နာရီ ၄၅မိနစ်တွင် Lao-ITECC အခန်းအမှတ် B-2 ၌ ကျင်းပသည်။

အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ်တို့၏ ထိပ်သီးအစည်းအဝေးအပြီးတွင် The Agreement on Trade in Goods of the Framework Agreement on Comprehensive Economic Cooperation between ASEAN and China နှင့် The Agreement on Disputes Settlement Mechanism between ASEAN and China သဘောတူစာချုပ်များ လက်မှတ်ရေးထိုးပွဲကို အခန်းအမှတ် B(Theatre-1)၌ ကျင်းပသည်။

## သဘောတူစာချုပ်များ

အဆိုပါလက်မှတ်ရေးထိုးပွဲသို့ အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံဝန်ကြီးချုပ်တို့ တက်ရောက်ကြပြီး မြန်မာနိုင်ငံအမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ အာဆီယံနိုင်ငံများနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့မှ စီးပွားရေးဝန်ကြီးများက သဘောတူစာချုပ်များကို လက်မှတ်ရေးထိုးကြသည်။

သဘောတူစာချုပ်များလက်မှတ်ရေးထိုးပွဲသို့ မြန်မာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဉာဏ်ဝင်း၊ ဒုတိယဝန်ကြီး ဦးကျော်သူ၊ အာဆီယံနိုင်ငံများနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့မှ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အဆင့်မြင့် အရာရှိကြီးများနှင့် အာဆီယံအတွင်းရေးမှူးချုပ်တို့ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

## မြန်မာ့ရုပ်မြင်သံကြား

**၁၃၆၆ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၇ရက် (အဖိတ်နေ့)**
**၃-၁၂-၂၀၀၄**
**(သောကြာနေ့)**

**နံနက်ပိုင်း**

- ၇:၀၀ ၁။ ကျေးဇူးရှင်မင်းကွန်းဆရာတော်ဘုရားကြီး၏နိုင်ငံတော်သံဃမဟာနာယကအဖွဲ့အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၅ ၅။ အကပြိုင်ပွဲ
- ၈:၁၀ ၆။ ကြေးမုံရိပ်သွင်တေးနုယဉ်
- ၈:၂၀ ၇။ ဆပ်သွားတံတား
- ၈:၃၀ ၈။ International News
- ၈:၄၅ ၉။ Island of Dhamma
- ၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

**ညပိုင်း**

- ၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၁၆:၃၀ ၃။ Practice in Reading
- ၁၆:၄၅ ၄။ တေးဂီတအစီအစဉ်
- ၁၇:၀၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ် (ရူပဗေဒ၊ ဓာတုဗေဒ၊ သင်္ချာအထူးပြုများ) (ရူပဗေဒ)
- ၁၇:၁၅ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
- ၁၇:၃၀ ၇။ နည်းစနစ်မှန်မှန်အားကစားအခြေခံ
- ၁၇:၄၀ ၈။ ဂီတမဟာပျော်စရာ
- ၁၇:၅၅ ၉။ မြန်မာစာ မြန်မာစကား
- ၁၈:၀၀ ၁၀။ Discovery
- ၁၈:၁၅ ၁၁။ နှောင်းခေတ်တေးပဒေသာ
- ၁၈:၃၀ ၁၂။ ညနေခင်းသတင်း
- ၁၉:၀၀ ၁၃။ မိုးလေဝသအခြေအနေ
- ၁၉:၀၅ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **"လူချွန်လူကောင်း"** (အပိုင်း-၃၄)
- ၁၉:၃၅ ၁၅။ အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့တေးများ
- ၁၉:၄၅ ၁၆။ ရောင်ဝါထွန်းပ နေလပမာ သာသနာ(ပဲခူးမြို့၊ ကြခတ်ဝိုင်း)
- ၂၀:၀၀ ၁၇။ ပြည်တွင်းသတင်း
- ၁၈။ နိုင်ငံတကာသတင်းများ
- ၁၉။ မိုးလေဝသအခြေအနေ
- ၂၀။ **ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့၏ သံတမန်ဆက်သွယ်မှုနှစ်(၅၀)ပြည့်မြောက်နှစ်ပတ်လည်အထိမ်းအမှတ် ကွမ်ရှီကျွမ်းအနုပညာကျွမ်းဘားအဖွဲ့**
- ၂၁။ နောက်တစ်နေ့အစီအစဉ်

# နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ဖိလစ်ပိုင်သမ္မတအား တွေ့ဆုံနှုတ်ဆက် နှစ်နိုင်ငံအကျိုးတူပူးပေါင်းဆောင်ရွက်ရေးကိစ္စများ ရင်းနှီးခင်မင်စွာဆွေးနွေး

ရန်ကုန် ဒီဇင်ဘာ ၂

**ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် နိုဝင်ဘာ ၂၉ရက် နံနက် ၁၀နာရီ ၁၅မိနစ်တွင် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့ရှိ Lao International Trade Exhibition & Convention Center ၌ ဖိလစ်ပိုင်သမ္မတနိုင်ငံသမ္မတ မစ္စစ်ဂလိုရီယာ မာဂါပါဂလ်အာရိုယိုအား တွေ့ဆုံနှုတ်ဆက်သည်။**

**တက်ရောက်**

ထိုသို့တွေ့ဆုံနှုတ်ဆက်ရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်အတူ အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ ဝန်ကြီးချုပ်ရုံးနှင့်နိုင်ငံခြားရေးဝန်ကြီးဌာနတို့မှညွှန်ကြားရေးမှူးချုပ်များ တက်ရောက်ကြသည်။

ယင်းသို့တွေ့ဆုံစဉ် နိုင်ငံတော်ဝန်ကြီးချုပ်ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ဖိလစ်ပိုင်သမ္မတနိုင်ငံသမ္မတ မစ္စစ်ဂလိုရီယာ မာဂါပါဂလ်အာရိုယိုတို့သည် နှစ်နိုင်ငံအကျိုးတူပူးပေါင်းဆောင်ရွက်ရေးကိစ္စများကို ရင်းနှီးခင်မင်စွာ ဆွေးနွေးကြသည်။ **(သတင်းစဉ်)**

# နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ဂျပန်ဝန်ကြီးချုပ်အား တွေ့ဆုံနှုတ်ဆက် မြန်မာ–ဂျပန်ချစ်ကြည်ရင်းနှီးမှုပိုမိုတိုးတက်အောင်ဆောင်ရွက်သွားမည့်အခြေအနေများဆွေးနွေး

ရန်ကုန် ဒီဇင်ဘာ ၂

**လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့၌ရောက်ရှိနေသည့် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် ဂျပန်နိုင်ငံဝန်ကြီးချုပ် မစ္စတာဂျွန်အိချိရိုကိုအိဇုမိအား နိုဝင်ဘာ ၂၉ ရက် ည ၇ နာရီတွင် ဗီယင်ကျန်းမြို့ Villa Dongpasakရှိ Friendship House ၌ တွေ့ဆုံနှုတ်ဆက်သည်။**



**ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း နှင့် ဂျပန်နိုင်ငံဝန်ကြီးချုပ် မစ္စတာဂျွန်အိချိရိုကိုအိဇုမိတို့ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့ Villa Dongpasakရှိ Friendship House ၌ တွေ့ဆုံဆွေးနွေးကြစဉ်။** (သတင်းစဉ်)

**တက်ရောက်**

ထိုသို့တွေ့ဆုံနှုတ်ဆက်ရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်အတူ အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူ၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံသံအမတ်ကြီး ဦးတင်ဦး၊ ဝန်ကြီးချုပ်ရုံး၊ ပြည်သူ့လွှတ်တော်ရုံးနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနတို့မှ ဌာနဆိုင်ရာအကြီးအကဲများတက်ရောက်ကြပြီး ဂျပန်နိုင်ငံဝန်ကြီးချုပ် မစ္စတာဂျွန်အိချိရိုကိုအိဇုမိနှင့်အတူ ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး မစ္စတာနိဘူတာကာမာချီမူရာနှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

**ရှင်းလင်းပြောကြား**

ထိုသို့တွေ့ဆုံစဉ် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက မြန်မာနိုင်ငံ၏ဖြစ်ပေါ်တိုးတက်မှုအခြေအနေ၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးဆောင်ရွက်နေမှုအခြေအနေနှင့်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲနိုင်ရေးအတွက် အမျိုးသားညီလာခံ အောင်မြင်စွာကျင်းပနေမှုအခြေအနေတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

**ဆုမွန်ကောင်းတောင်း**

ထို့နောက် ဂျပန်နိုင်ငံဝန်ကြီးချုပ်က မြန်မာနိုင်ငံဝန်ကြီးချုပ်၏ ရှင်းပြချက်များကို နားလည်သဘောပေါက်ပါကြောင်း၊ လုပ်ငန်းများအောင်မြင်စေရန် ဆုမွန်ကောင်းတောင်းပါကြောင်း။

ဂျပန်နိုင်ငံနှင့် မြန်မာနိုင်ငံတို့သည် ရေးနှစ်ပေါင်းများစွာကပင် ချစ်ခင်ရင်းနှီးခဲ့ကြသည့်နိုင်ငံများဖြစ်ရာ ချစ်ခင်ရင်းနှီးမှုပိုမိုတိုးတက်အောင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအကြီးအကဲဗိုလ်ချုပ်မှူးကြီးသန်းရွှေအားလည်း ဝန်ကြီးချုပ်မှတစ်ဆင့် ပြန်လည်ပြောကြားပေးစေလိုပါကြောင်း ပြောကြားသည်။ **(သတင်းစဉ်)**

# နိုင်ငံခြားရေးဝန်ကြီး ဦးညွန့်ဝင်း အာဆီယံ–ရုရှားနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးတက်ရောက်

**ရန်ကုန် ဒီဇင်ဘာ ၂**

အာဆီယံ–ရုရှားနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးကို နိုဝင်ဘာ ၂၉ရက် ညနေ ၆နာရီ မိနစ်၂၀တွင် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့ Lao-ITECC အဆောက်အအုံ အခန်းအမှတ်(B)၌ ကျင်းပရာ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးညွန့်ဝင်း၊ အာဆီယံနိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးတို့ တက်ရောက်ကြသည်။

**လက်မှတ်ရေးထိုး**

အာဆီယံ–ရုရှားနိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးအပြီးတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံက အာဆီယံချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးစာချုပ်သို့ ပါဝင်နိုင်ရန် The Instrument of Extension of Treaty of Amity and Cooperation နှင့် Instrument of Accession to Treaty of Amity and Cooperation တို့ လက်မှတ်ရေးထိုးပွဲအခမ်းအနားကို Lao-ITECC အခန်းအမှတ် B(Theatre-1)၌ ကျင်းပရာ အာဆီယံနိုင်ငံခြားရေးဝန်ကြီးများနှင့် ရုရှားနိုင်ငံခြားရေးဝန်ကြီးတို့က လက်မှတ်ရေးထိုးကြသည်။

**(သတင်းစဉ်)**

**ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း နိုဝင်ဘာ ၂၉ရက်က လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့ Lao ITECC ၌ ကျင်းပသည့် အာဆီယံ–တရုတ်ထိပ်သီးအစည်းအဝေးသို့ တက်ရောက်စဉ်။** (သတင်း–ကျော်ဖုံး) (သတင်းစဉ်)



# မြန်မာနိုင်ငံစာဆိုတော်နေ့ အထိမ်းအမှတ် အထူးလျှော့ဈေးဖြင့်ရောင်းချမည့် စာအုပ်ဈေးပွဲတော်

သတင်းဆောင်းပါး-မောင်မောင်စိုး၊ ဓာတ်ပုံမှတ်တမ်း-ထွေးကြည်(မြန်မာ့အလင်း)

**ရန်ကုန် ဒီဇင်ဘာ ၂**

နိုင်ငံတော်ကြီး ခေတ်မီဖွံ့ဖြိုးလာသည်နှင့်အမျှ လူမှုရေး၊ စီးပွားရေး နယ်ပယ်သည်လည်း ကျယ်ဝန်းမြင့်မားလာသည်မှာ ဓမ္မတာဖြစ်သည်။ ယနေ့စာနယ်ဇင်းများတွင် လူသုံးကုန်ပစ္စည်းအမျိုးမျိုးကို ကြော်ငြာအမျိုးမျိုးဖြင့် ဖြန့်ဖြူးရောင်းချနေသည်ကို မကြာမကြာ တွေ့နေရသည်။ အိမ်ရာအရောင်းပွဲတော်၊ မြန်မာ့ထုတ်ကုန်ကုန်စည်ပြပွဲစသည်ဖြင့် စားဝတ်နေရေးလိုအပ်ချက်များကို ဖြည့်ဆည်းပေးမည့် ဈေးရောင်းပွဲများကို တစ်နေရာတည်းတွင် စုစုစည်းစည်း စည်စည်ကားကား ကျင်းပပေးခြင်းဖြစ်သည်။

## အထောက်အကူပြု

ယခု ဈေးပွဲတော်ကား စိတ်အစာကို ဖြည့်ဆည်းပေးမည့် စာအုပ်ဈေးပွဲတော်ဖြစ်သည်။ ဈေးပွဲတော်များအနက် ကျင်းပရောင်းချပေးသင့်ဆုံး ဈေးပွဲတော်မှာ စာအုပ်ဈေးပွဲတော်ဖြစ်သည်။ စာအုပ်ဈေးပွဲတော်ကို ဖြစ်နိုင်လျှင် များများ ကျင်းပရောင်းချပေးလေ ကောင်းလေဖြစ်သည်။ အကြောင်းမှာ စာပေမြတ်နိုးသူများ ဈေးနှုန်းချိုချို၊ အလွယ်တကူ ဝယ်ယူဖတ်ရှုနိုင်ရေး အထောက်အကူပြုသောကြောင့် ဖြစ်သည်။

စာပေတိုက်များ၊ စာအုပ်ထုတ်ဝေရေးလုပ်ငန်းများက နေ့စဉ်နှင့်အမျှ စာပေမျိုးစုံထုတ်ဝေနေသော်လည်း စာဖတ်သူလက်ထဲ ဈေးနှုန်းချိုချိုသာသာ လွယ်လွယ်ကူကူ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိရေးမှာမလွယ်ချေ။ အဆင့်များပြီး ပြန့်ကျဲနေသဖြင့် ယခုကဲ့သို့ ဈေးပွဲတော် ကျင်းပပြီး တစ်နေရာတည်းတွင် တစ်ထိုင်တည်းဖြင့် လိုချင်သည့် စာပေမျိုးစုံကို ဝယ်ယူရရှိမှ ထုတ်ဝေသူရော ဖတ်သူပါ အကျိုးများသည်။

## စာပေတာဝန်

ထို့ကြောင့် ယင်းတာဝန်ကို မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ကြီးက ၁၃၆၆ ခုနှစ် စာဆိုတော်နေ့ အထိမ်းအမှတ် စာအုပ်ဈေးပွဲတော် ဖြစ်မြောက်ရေးကြီးမှူးကျင်းပနေခြင်းဖြစ်သည်။ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ကြီးသည် သုတဘဏ် စာတမ်းဖတ်ပွဲများ၊ စာအုပ်ဈေးပွဲတော်များကျင်းပပေးခြင်းဖြင့် စာပေတာဝန်ကို ကျေကျေပွန်ပွန် ထမ်းဆောင်နေခြင်းဖြစ်ပေသည်။

စာအုပ်ဈေးပွဲတော်ကို ၂၀၀၀ ပြည့်နှစ်မှစတင်ပြီး ယခု ၂၀၀၄ ခုနှစ် အထိခြောက်ကြိမ်မြောက် ကျင်းပပေးခြင်းဖြစ်သည်။ ၂၀၀၃ ခုနှစ်က မြန်မာဝတ္ထုရှည် နှစ်တစ်ရာပြည့် အထိမ်းအမှတ်ပွဲလည်း ကျင်းပပေးခဲ့သည်။ စာပေသည် လူမျိုး၏ အသက်ဖြစ်သည်။ စာပေမြင့်မှ လူမျိုးတင့်သည်။ စာပေအလင်းရောင်ဖြင့်သာ အမှောင်ကို ခွင်းနိုင်သည်။စာပေဖွံ့ဖြိုးလေ တိုင်းပြည်တည်ဆောက်ရေးလုပ်ငန်းအောင်မြင်လေဖြစ်သည်။ တိုင်းပြည်ကြီးပွား ချမ်းသာမှုသည် ငွေကြေးချမ်းသာသူများ အပေါ်တွင် မတည်ဘဲ ပညာချမ်းသာသူများအပေါ်တွင်သာ တည်ကြောင်း သိရှိသည့်အားလျော်စွာ နိုင်ငံတော်ကလည်း လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအားပေးလျက်ရှိသည်။ ယခုအခါ ကျေးရွာများအရောက် စာကြည့်တိုက်များဖွင့်နေကြပြီဖြစ်သည်။ မြန်မာနိုင်ငံတစ်ဝန်း စာကြည့်တိုက်ပေါင်း ၁၀၄၁၀ ခု ဖွင့်သို့ ခြေလှမ်းစတင်လှမ်းလိုက်ခြင်းဖြစ်သည်။ဈေးပွဲတော်သို့ ရန်ကုန်တိုင်းအတွင်းရှိ စာပေတိုက်များသာမက စာအုပ်ဝယ်သူရောင်းသူများပါ အဆင်ပြေစေရန် စားသောက်ဆိုင်ခန်းများ၊ ကလေးကစားကွင်းများ ထည့်သွင်းထားသည်။



တကောင်း ရုပ်ပုံလွှာဖြင့် မြန်မာတို့၏ ဇာတိသွေး ဇာတိမာန်ကို နှိုးဆွပေးမည့် ပန်းမျိုးတစ်ရာစာပေမှ သုတေသီ စာရေးဆရာချစ်စံဝင်း။
ဓာတ်ပုံမှတ်တမ်း- ထွေးကြည် (မြန်မာ့အလင်း)

လှစ်ခဲ့ပြီးဖြစ်သည်။ ယင်း စာကြည့်တိုက်များအတွက် စာအုပ်များ ဈေးချိုချိုရရှိရေး ယခုစာအုပ်ဈေးပွဲတော်က အထောက်အကူပြုနေသည်။

ယခုနှစ် စာအုပ်ဈေးပွဲတော်တွင် မြေညီထပ်မှာပင် ဆိုင်ခန်းပေါင်း ၇၀ ကျော် ပါဝင်ပြသရောင်းချမည်ဖြစ်သည်။ ကျင်းပခဲ့သမျှ စာအုပ်ဈေးပွဲတော်များအနက် အစည်ကားဆုံးနှင့် ဆိုင်ခန်းအများဆုံး ရောင်းချသော ဈေးပွဲတော်ဖြစ်သည်။ စာအုပ်ဈေးပွဲတော်ကို အကြောင်းပြုပြီး မြန်မာနိုင်ငံ၏ စာအုပ်ထုတ်ဝေရေးနှင့် စာပေလောကကြီးတစ်ခုလုံး ဖွံ့ဖြိုးတိုးတက်လာမည့် အလားအလာကောင်းများကို မြင်တွေ့နေရပြီဖြစ်သည်။

## အနှစ်သာရ

ယခုနှစ် စာအုပ်ဈေးပွဲတော်ကို မင်္ဂလာတောင်ညွှန့်မြို့နယ် ရန်ကုန်ကုန်သွယ်မှုဗဟိုဌာနတွင် ပထမဦးဆုံး စတင်ကျင်းပခြင်းဖြစ်ရာ အပြင်အဆင်ရောအနှစ်သာရပါ နိုင်ငံတကာအဆင့် ဒေါက်တာတင်ထွန်းဦးကလည်း ကျန်းမာရေးပညာပေးစာစောင် Good Health ဂျာနယ်ပရိုမိုးရှင်းအတွက် ဆိုင်ခန်းတစ်ခန်း ပါဝင်ပြသထားမည်ဖြစ်သည်။

နိုင်ငံရပ်ခြားရောက် မြန်မာစာဖတ်ပရိသတ်များအတွက် Internet ပေါ်မှ Myanmar e-Book များကို နေ့ည အချိန်မရွေးဝယ်ယူဖတ်ရှုနိုင်ရန် Forever Group က စာအုပ်ဈေးပွဲတော်တွင် စီစဉ်ထားသည်။ e-Book တွင် နေ့စဉ်ထုတ်သတင်းစာများ၊ အပတ်စဉ်ထုတ်ဂျာနယ်များ၊ လစဉ်ထုတ်မဂ္ဂဇင်းများနှင့်စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေး၊ ဘာသာရေး၊ အောင်မြင်ရေးဆိုင်ရာ စာပေများ၊ စာပေနှင့်အနုပညာရပ်ဆိုင်ရာစာပေမျိုးစုံကို ကမ္ဘာ့မည်သည့်နေရပ်ဒေသကမဆို ဝယ်ယူဖတ်ရှုနိုင်သည်။

ဆရာချစ်စံဝင်း၏ ပန်းမျိုးတစ်ရာစာပေကလည်း တကောင်းခေတ်နှင့်ပတ်သက်ပြီး တူးဖော်ရရှိထားသော သမိုင်းအထောက်အထား မြေအိုးမြေခွက်များပြသထားသည်။မြန်မာအစ တကောင်းက အဆိုအမိန့် ခိုင်မာကြောင်း စာပေဝါသနာရှင်များကို ရှေးဟောင်းပစ္စည်းအထောက်အထားများပြသပြီး ဗဟုသုတရစေချင်ဟန်ရှိသည်။ တကောင်းက မြန်မာတို့၏ ဇာတိသွေးဇာတိမာန်အမှန်ဖြစ်ကြောင်း၊ တကောင်းဟုဆိုလိုက်သည်နှင့်ဇာတိသွေးဇာတိမာန်များ တဖွားဖွားပေါ်လာကြောင်း၊ အမျိုးသားရေးဇာတိမာန်တောက်ပြောင် နိုးကြားလာအောင် မြန်မာစာပေကသာ နှိုးဆွနိုင်ကြောင်း၊ အမျိုးသားရေး ကိုယ်ခံစွမ်းအားကို စာပေစွမ်းပကားဖြင့် အခိုင်အမာ တည်ဆောက်သင့်ကြောင်းရှင်းပြရင်း ယခုလို စာဖတ်သူရော ရောင်းသူပါ အကျိုးများသော စာအုပ်ဈေးပွဲတော်မျိုး များများ ကျင်းပပေးသင့်ကြောင်း ဆရာချစ်စံဝင်းက အကြံပြုသွားသည်။



ဂန္ထဝင်ရှားပါးစာအုပ်များဖြင့် စာဖတ်သူ၏ စိတ်အစာအာဟာရကို ဖြည့်ဆည်းပေးမည့် အမေစာအုပ်အရောင်းဆိုင်၏အခင်းအကျင်း။
ဓာတ်ပုံမှတ်တမ်း-ထွေးကြည်(မြန်မာ့အလင်း)

အထက်ပုဇ္ဇန်တောင်လမ်းမကြီး မင်္ဂလာတောင်ညွှန့်မြို့နယ် ရန်ကုန်ကုန်သွယ်မှုဗဟိုဌာနတွင် ဒီဇင်ဘာ ၃ရက်**(ယနေ့)**မှ ၉ရက်အထိ ကျင်းပရောင်းချနေသော စာအုပ်ဈေးပွဲတော်မှာ အချိန်ရလျှင်ရသလို နေ့စဉ်သွားရောက်ကြည့်ရှုလေ့လာဝယ်ယူရမည့် စာအုပ်ဈေးပွဲတော်ကြီးဖြစ်ကြောင်း ကြိုတင် သတင်းစကားပါးလိုက်ရပါသည်။ ။

**(မြန်မာ့အလင်း)**

## တွေ့ဆုံမေးမြန်း

**စာအုပ်ဈေးပွဲတော်ကြီး စည်ကားသိုက်မြိုက်ရေး စီစဉ်ပေးကြသူ ဆရာမောင်မြင့်ကြွယ်၊ ဆရာဒေါက်တာတင်ထွန်းဦး၊ ဆရာ ဦးမြင့်ကြိုင်တို့အား မြန်မာ့အလင်းက တွေ့ဆုံမေးမြန်းစဉ်။**
ဓာတ်ပုံမှတ်တမ်း – ထွေးကြည်(မြန်မာ့အလင်း)



## ဆုရသူများ စာပေဆုနှင်းသဘင် တက်ရောက်နိုင်ရေး ဒီဇင်ဘာ ၉ရက် နောက်ဆုံးထားသတင်းပို့ရန်နှိုးဆော်ထား

**ရန်ကုန် ဒီဇင်ဘာ ၂**

၂၀၀၃ခုနှစ်အတွက် အမျိုးသားစာပေ တစ်သက်တာဆု၊ အမျိုးသားစာပေဆု၊ စာပေဗိမာန်စာမူဆုနှင့်(၁၅)ကြိမ်မြောက် အမျိုးသားရေးဆောင်ပုဒ်၊ စာပေနှင့် ဓာတ်ပုံပြိုင်ပွဲဆု၊ ဆုနှင်းသဘင်အခမ်းအနားကို ဒီဇင်ဘာ ၁၂ရက် (တနင်္ဂနွေနေ့)မွန်းလွဲ၂နာရီတွင် ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံတွင် ကျင်းပမည်ဖြစ်သည်။

ဒီဇင်ဘာ၁၀ရက် (သောကြာနေ့) မွန်းလွဲ ၁နာရီတွင် အမျိုးသားဇာတ်ရုံ၌ ကျင်းပမည့် အစမ်းလေ့ကျင့်ပွဲကို စာပေဆုရသူတိုင်း မပျက်မကွက် တက်ရောက်ကြရမည်ဖြစ်ရာ အမျိုးသားစာပေဆု၊ စာပေဗိမာန်စာမူဆု ရရှိသူများသည် လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်းဖြင့်ဖြစ်စေ စာပေဗိမာန်စာတည်းမှူးချုပ် ဖုန်း-၂၅၂၅၆၀ နှင့် ၃၈၁၄၅၀ထံသို့ ဒီဇင်ဘာ၉ရက် နောက်ဆုံးထား သတင်းပို့ကြရန် ဖြစ်သည်။

(၁၅)ကြိမ်မြောက် အမျိုးသားရေး ဆောင်ပုဒ်၊ စာပေနှင့် ဓာတ်ပုံပြိုင်ပွဲဆုရရှိသူများသည် ပြိုင်ပွဲကျင်းပရေးကော်မတီ အတွင်းရေးမှူး (မြန်မာ့အသံနှင့် ရုပ်မြင်သံကြား)သို့ လူကိုယ်တိုင် ဒီဇင်ဘာ၉ရက် နောက်ဆုံးထား သတင်းပို့ကြရန် နှိုးဆော်ထားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## စက်ရေတွင်းများ ထိန်းသိမ်းစောင့်ရှောက်မှု စာတွေ့ လက်တွေ့သင်တန်းဖွင့်လှစ်ပို့ချ

**ရန်ကုန် ဒီဇင်ဘာ ၂**

မိတ္ထီလာမြို့နယ် စည်ပင်သာယာရေးအဖွဲ့က တူးဖော်ဆောင်ရွက်ပေးခဲ့သည့် စက်ရေတွင်းများ ရေရှည်အသုံးပြုနိုင်ရန် ရည်ရွယ်၍ ပထမအကြိမ် စက်ရေတွင်းများ ထိန်းသိမ်းစောင့်ရှောက်မှုသင်တန်းကို နိုဝင်ဘာ ၂၁ရက်တွင် အဖွဲ့ရုံး၌ ဖွင့်လှစ်ပို့ချခဲ့သည်။ သင်တန်းတွင် ကျေးရွာ၂၀မှ သင်တန်းသား၄၀တက်ရောက်ခဲ့ကြပြီး စာတွေ့သင်ကြားခြင်းနှင့် လက်တွေ့ပြသခြင်းတို့ဖြင့် ပို့ချခဲ့ကြရာ အမှုဆောင် အရာရှိ ဦးဝင်းမင်းသန့်နှင့် လက်ထောက်ညွှန်ကြားရေးမှူး ဦးပြည်စိုးတို့ သွားရောက် ကြီးကြပ်ပေးခဲ့ကြသည်။

**(အောက်ပုံ) (မြို့နယ်စည်ပင်)**



# ကျိုက်လတ်မြို့နယ်အသင်း နေ့ချင်းပြန်ခရီး

**ရန်ကုန် ဒီဇင်ဘာ ၂**

ကျိုက်လတ်မြို့နယ်အသင်း(ရန်ကုန်)၏အစီအစဉ်ဖြင့် ဒီဇင်ဘာ ၆ ရက် နံနက် ၇ နာရီတွင် မော်တင်သဘော်ဆိပ်မှ သုံးထပ်ရေယာဉ်ကြီးဖြင့် ကျိုက်လတ်မြို့သို့ သွားရောက်ကြမည်ဖြစ်သည်။ သင်္ဘောပေါ်၌ လမ်းခရီးအစီအစဉ်တွင် ဗိုလ်ကလေးတင့်အောင်၏ ဖြေဖျော်ရေး အစီအစဉ်များဖြင့်တင်ဆက်ပြီး ကျိုက်လတ်မြို့တွင် အာစရိယပူဇော်ပွဲကျင်းပခြင်း၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး အနုပညာရှင်များဘောလုံးအသင်းနှင့် ကျိုက်လတ်မြို့ ဘောလုံးအသင်းတို့ မိတ်ဆက်ကစားခြင်း၊ ညပိုင်းတွင်အနုပညာရှင်များက ဖြေဖျော်ခြင်းများပြုလုပ်ပြီး ဒီဇင်ဘာ ၇ ရက် နံနက်ပြန်ရောက်မည်ဖြစ်သည်။ လိုက်ပါလိုသူ မြို့နယ်သူ မြို့နယ်သားများ သင်္ဘောလက်မှတ်(အသွား/အပြန်) ကျပ် ၁၅၀၀ နှုန်းဖြင့် ဦးမောင်ညိမ်း ဖုန်း-၆၆၇၁၃၂၊ ဦးသိန်းလွင် ဖုန်း-၂၅၁၂၇၅၊ ဒေါ်မြင့်မြင့် ဖုန်း-၆၉၉၄၇၀၊ ဒေါ်သိန်းသိန်းဇော် ဖုန်း-၅၅၅၉၇၀၊ ဒေါ်မိမိ ဖုန်း-၅၁၃၄၁၃၊ ဒေါ်သန်းသန်းအေး ဖုန်း-၂၄၀၈၄၂၊ ၃၇၇၅၅၆တို့သို့ ကြိုတင်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

# ချင်းရိုးရာခွာဒိုပွဲတော် တိုင်းရင်းသားကျေးရွာ၌ ဒီဇင်ဘာ ၄ရက် ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၂**

ချင်းရိုးရာ ခွာဒိုပွဲတော်ကို သာကေတမြို့နယ် ပြည်ထောင်စု တိုင်းရင်းသားကျေးရွာ၌ ဒီဇင်ဘာ ၄ ရက်မှ ၆ ရက်အထိ နေ့စဉ် မွန်းတည့် ၁၂နာရီတွင် ကျင်းပမည်ဖြစ်သည်။

ခွာဒိုပွဲတော်တွင် တိုင်းရင်းသားရိုးရာ အကပဒေသာများ၊ နိုင်ငံကျော် အဆိုတော်များ၏ တေးဂီတ ဖျော်ဖြေရေးအစီအစဉ်များ၊ တိုင်းရင်းသား ရိုးရာအစားအစာများနှင့် ရိုးရာပစ္စည်းများ ရောင်းချပွဲများ ပါဝင်မည်ဖြစ်ကြောင်းသိရသည်။

**(မြန်မာ့အလင်း)**

# ဓမ္မစေတီဆရာတော် တရားပွဲကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၂**

ထေရဝါဒသာသနာပြု ဓမ္မစေတီ ဆရာတော် ဘဒ္ဒန္တ ကောသလ္လ (M.A Buddhism)၏ 'နှလုံးသားဝယ်ဘုရားတည်' အထူးတရားပွဲကို ဒီဇင်ဘာ ၅ ရက်(တနင်္ဂနွေနေ့)မှ ဒီဇင်ဘာ ၁၂ ရက်(တနင်္ဂနွေနေ့)အထိ ရှစ်ရက်တိုင် ညစဉ် ၇နာရီမှစတင်၍ ရန်ကင်းမြို့နယ် အမှတ်(၃)ရပ်ကွက် ၁၂လုံးတန်းရှိ သဒ္ဓမ္မဘာဝိတဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

## အထက(၄)အလုံ(ယခင်ကူရှင်ကျောင်း)

**ကျောင်းသူကျောင်းသားဟောင်းများ၏အာစရိယပူဇော်ပွဲဖိတ်ကြားလွှာ**

အထက(၄)အလုံ(ယခင်ကူရှင်ကျောင်း)တွင် ပညာသင်ပေးခဲ့ကြသော အာစရိယဂိုဏ်းဝင် ဆရာဆရာမကြီးများအား ပူဇော်ကန်တော့ပွဲကို အောက်ပါ အစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါ၍ အသက် ၆၀ အထက်/အောက် ဆရာ ဆရာမကြီးများနှင့် ကျောင်းသူကျောင်းသားများအားလုံး ဖိတ်စာရရှိသည် ဖြစ်စေ၊ မရရှိသည်ဖြစ်စေ ကြွရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါ သည်။

**ကျင်းပမည့်နေ့ရက်** - ၆-၁၂-၂၀၀၄(တနင်္လာနေ့)
**ကျင်းပမည့်အချိန်** - နံနက် ၁၀နာရီ
**ကျင်းပမည့်နေရာ** - အထက(၄)အလုံ၊ ပင်လုံခန်းမ
**အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ။**

## ဟင်္သာတမြို့ အထက(၄) ကျောင်းသားကျောင်းသူဟောင်းများ၏ (၁၃)ကြိမ်မြောက် အာစရိယပူဇော်ပွဲ

ဟင်္သာတမြို့ အထက(၄) ကျောင်းသား ကျောင်းသူဟောင်းများ၏ (၁၃)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါသဖြင့် ကျောင်းသား ကျောင်းသူဟောင်းများ မပျက်မကွက် တက်ရောက် လှူဒါန်းပူဇော်ကန်တော့ကြပါရန် ဖိတ်ကြားနှိုးဆော်အပ်ပါသည်။

**နေ့ရက်** - ၂၆-၁၂-၂၀၀၄ (တနင်္ဂနွေနေ့)
**အချိန်** - နံနက် ၉:၀၀ နာရီ
**နေရာ** - ဘုရင့်နောင်ခန်းမ၊ အထက(၄) ဟင်္သာတမြို့
**(အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးအဖွဲ့)**

**ဆက်သွယ်လှူဒါန်းရန်**

| | | | |
|---|---|---|---|
| ဒေါ်အေးအေးသွင် | 01-513333 EX:331 | ဦးညွန့်လှိုင် | 044-21132 |
| ဦးဝင်းအောင် | 01-527446 | ဦးမောင်မောင်စိုး | 044-21591 |
| ဗိုလ်မှူးလှိုင်မြင့် | 09 99 26045 | ဦးကျော်လွင်ဆန်း | 044-21638 |
| ဒေါက်တာနော်မာသေး | 09 80 21497 | ဦးမျိုးသန့်ကျော် | 044-21686 |

## လေလံကြော်ငြာ

၁။ တပ်မတော်တွင် အသုံးမပြုနိုင်သည့် အောက်ပါပစ္စည်းများအား ပင်မစစ်လက်နက်ပစ္စည်းတပ်(မန္တလေး)တွင် ၁၅-၁၂-၂၀၀၄ ရက်မှ ၁၆-၁၂-၂၀၀၄ရက်အထိ လေလံတင်ရောင်းချပါမည်-

(က) လျှပ်စစ်ပစ္စည်းများနှင့် အမှုန့်ကြိတ်စက်များ
(ခ) မီးဖိုဆောင်သုံးပစ္စည်းများနှင့် ပလတ်စတစ်ပစ္စည်းများ
(ဂ) အလှပြင်ပစ္စည်းများ
(ဃ) ဆံပင်အလှပြင်ဆိုင်ရာပစ္စည်းများ
(င) နာရီနှင့်ဆက်စပ်ပစ္စည်းများ
(စ) စက်ဘီးများ
(ဆ) ရော်ဘာဆိုးပြား/ဖြတ်စများ
(ဇ) လူကြီးဝတ်နှင့်ကလေးဝတ်အဝတ်အထည်များ
(ဈ) ဝိုင်နှင့် ဘီယာများ
(ည) ဓာတ်မြေဩဇာနှင့် အပင်အားတိုးဆေးများ
(ဋ) အပ်ချုပ်စက်အပိုပစ္စည်းများ
(ဌ) စာရေးကိရိယာများ

၂။ အထက်ပါပစ္စည်းများအား စိတ်ဝင်စားသူများသည် ပစ္စည်းများတည်ရှိရာ ပင်မစစ်လက်နက်ပစ္စည်းတပ်(မန္တလေး)နန်းမြို့သို့ ၈-၁၂-၂၀၀၄ ရက်မှ ၁၄-၁၂-၂၀၀၄ ရက်အထိ ရုံးချိန်အတွင်း ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။






## လေလံတင်ရောင်းချရန်ကြော်ငြာ

တိုင်းနှင့်ပြည်နယ်အသီးသီးရှိ လက်ရှိလမ်းအသုံးပြုခကောက်ခံနေသော နိုင်ငံပိုင်လမ်းမကြီး ၄၃ လမ်းပေါ်ရှိ အောက်ဖော်ပြပါ လမ်းအသုံးပြုခကောက်ခံရေးစခန်း ၁၀၃ ဂိတ်အား ၂၀၀၅ ခုနှစ် ဇန်နဝါရီလမှ ၂၀၀၆-၂၀၀၇ ခုနှစ်အထိ လမ်းအသုံးပြုခကောက်ခံခြင်းလုပ်ငန်း နှစ်နှစ်သုံးလ လုပ်ပိုင်ခွင့်လုပ်ငန်းလိုင်စင်ကို ပုဂ္ဂလိကလုပ်ငန်းရှင်များသို့ လမ်းအသုံးပြုခကောက်ခံရေးစခန်းတည်ရှိရာ သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်နယ်မြေများတွင် ချိပ်ပိတ်တင်ဒါစနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်ပြီး၊ လေလံယှဉ်ပြိုင်ခွင့် အာမခံငွေအဖြစ် တစ်လစာကို ကြိုတင်ပေးသွင်းရပါမည်-

**လမ်းအသုံးပြုခ ကောက်ခံရေးစခန်းများ**

**ကချင်ပြည်နယ်၊ မြစ်ကြီးနားခရိုင်**

၁။ မြစ်ကြီးနားဂိတ်(မြစ်ကြီးနားမြို့)
၂။ မိုးကောင်းဂိတ်(မိုးကောင်းမြို့)
၃။ ဟိုပင်ဂိတ်(ဟိုပင်မြို့)
၄။ နန့်စီအောင်ဂိတ်(မိုးညှင်းမြို့)

**ကယားပြည်နယ်၊ လွိုင်ကော်ခရိုင်**

၅။ မိုးဗြဲဂိတ်(မိုးဗြဲမြို့)

**ကရင်ပြည်နယ်၊ ဘားအံခရိုင်**

၆။ ပညာရေးကောလိပ်ဂိတ်(ဘားအံမြို့)
၇။ ဝါးဘိုးတောဂိတ်(ဘားအံမြို့)
၈။ ကော့ကျိုက်ဂိတ်(ဘားအံမြို့)
၉။ အိန္ဒူဂိတ်(ဘားအံမြို့)
၁၀။ ကော့ကရိတ်ဂိတ်(ကော့ကရိတ်မြို့)

**စစ်ကိုင်းတိုင်း၊ စစ်ကိုင်းခရိုင်**

၁၁။ စစ်ကိုင်း(ပဲကတိုး)ဂိတ်(စစ်ကိုင်းမြို့)
(စစ်ကိုင်း-ရွှေဘိုလမ်း)
၁၂။ စစ်ကိုင်း(ပဲကတိုး)ဂိတ် (စစ်ကိုင်းမြို့)
(စစ်ကိုင်း-မုံရွာလမ်း)
၁၃။ မြင်းမူဂိတ်(မြင်းမူမြို့)

**စစ်ကိုင်းတိုင်း၊ မုံရွာခရိုင်**

၁၄။ မုံရွာဂိတ်(မုံရွာမြို့)
၁၅။ ရေအိုးစင်ဂိတ်(မုံရွာမြို့)
၁၆။ အရာတော်ဂိတ်(အရာတော်မြို့)
၁၇။ ပုလဲဂိတ်(ပုလဲမြို့)

**စစ်ကိုင်းတိုင်း၊ ရွှေဘိုခရိုင်**

၁၈။ လှတောဂိတ်(ဝက်လက်မြို့)
၁၉။ ရွှေဘိုဂိတ်(ရွှေဘိုမြို့)
၂၀။ လွဲဆိပ်ဂိတ်(ကန့်ဘလူမြို့)
၂၁။ ရေဦးဂိတ်(ရေဦးဂိတ်)

**စစ်ကိုင်းတိုင်း၊ ကသာခရိုင်**

၂၂။ ကျောက်တန်းဂိတ်(ကောလင်းမြို့)
၂၃။ အင်းတော်ဂိတ်(အင်းတော်မြို့)

**တနင်္သာရီတိုင်း၊ ထားဝယ်ခရိုင်**

၂၄။ အိမ်ရှေ့ပြင်ဂိတ်(ထားဝယ်မြို့)
၂၅။ ပေါက်တိုင်းဂိတ်(ထားဝယ်မြို့)
၂၆။ ဖျာတောဝဂိတ်(ထားဝယ်မြို့)

**ပဲခူးတိုင်း၊ ပဲခူးခရိုင်**

၂၇။ ပဲခူး(ကလို)ဂိတ် (ပဲခူးမြို့)
(တန်ပိုကောက်ခံပါသည်။)

**ပဲခူးတိုင်း၊ သာယာဝတီခရိုင်**

၂၈။ သာယာဝတီဂိတ်(သာယာဝတီမြို့)
၂၉။ ဇီးကုန်းဂိတ်(ဇီးကုန်းမြို့)

**ပဲခူးတိုင်း၊ ပြည်ခရိုင်**

၃၀။ ပြည်ဂိတ်(ပြည်မြို့)
၃၁။ ပန်းတောင်းဂိတ်(ပန်းတောင်းမြို့)
(ပုသိမ်-မုံရွာလမ်း)
၃၂။ ပန်းတောင်းဂိတ်(ပန်းတောင်းမြို့)
(ဥသျှစ်ပင်-ပဒါန်းလမ်း)

**မကွေးတိုင်း၊ မကွေးခရိုင်**

၃၃။ မကွေးဂိတ်(မကွေးမြို့)
၃၄။ တောင်တွင်းကြီးဂိတ်(တောင်တွင်းကြီးမြို့)
၃၅။ ငွေးချိုဂိတ်(ချောက်မြို့)
၃၆။ ချောင်းနက်ဂိတ်(တောင်တွင်းကြီးမြို့)

**မကွေးတိုင်း၊ မင်းဘူးခရိုင်**

၃၇။ မင်းဘူး(၁)ဂိတ်(မင်းဘူးမြို့)
၃၈။ ပဒါန်း(၁)ဂိတ် (ငဖဲမြို့)
(ပဒါန်း-အမ်းလမ်း)
၃၉။ မင်းဘူး(၂)ဂိတ်(မင်းဘူးမြို့)
(မင်းဘူး-စလင်းလမ်း)
၄၀။ ပဒါန်း(၂)ဂိတ်(ငဖဲမြို့)
(ပဒါန်း-ဥသျှစ်ပင်လမ်း)
၄၁။ တညောင်ဂိတ်(စလင်းမြို့)

**မကွေးတိုင်း၊ သရက်ခရိုင်**

၄၂။ အောင်လံဂိတ်(အောင်လံမြို့)

**မကွေးတိုင်း၊ ပခုက္ကူခရိုင်**

၄၃။ တမာတန်းဂိတ်(ရေစကြိုမြို့)
၄၄။ ပခုက္ကူ(မြစ်ခြေ)ဂိတ် (ပခုက္ကူမြို့)

**မန္တလေးတိုင်း၊ မန္တလေးခရိုင်**

၄၅။ ကြာနီကန်ဂိတ်(ပုသိမ်ကြီးမြို့)

**မန္တလေးတိုင်း၊ ပြင်ဦးလွင်ခရိုင်**

၄၆။ မတ္တရာဂိတ်(မတ္တရာမြို့)
၄၇။ လက်ပံလှဂိတ်(စဉ့်ကူးမြို့)
၄၈။ ဖော့တောဂိတ်(သပိတ်ကျဉ်းမြို့)
၄၉။ ကျောက်ဖားဂိတ်(မိုးကုတ်မြို့)

**မန္တလေးတိုင်း၊ မြင်းခြံခရိုင်**

၅၀။ ကျောက်ပန်းတောင်းဂိတ် (ကျောက်ပန်းတောင်းမြို့)
(ကျောက်ပန်းတောင်း-မိတ္ထီလာလမ်း)
၅၁။ မြင်းခြံဂိတ်(မြင်းခြံမြို့)
၅၂။ ကျောက်ပန်းတောင်း(ကျောက်ပန်းတောင်းမြို့)
(ကျောက်ပန်းတောင်း-မြင်းခြံလမ်း)
၅၃။ မကျီးစောက်ဂိတ်(ညောင်ဦးမြို့)
၅၄။ စဉ့်ကူဂိတ်(ညောင်ဦးမြို့)

**မန္တလေးတိုင်း၊ ကျောက်ဆည်ခရိုင်**

၅၅။ ဟံမြင့်မိုရ်ဂိတ်(ကျောက်ဆည်မြို့)
၅၆။ မြစ်သားဂိတ်(မြစ်သားမြို့)

**မန္တလေးတိုင်း၊ မိတ္ထီလာခရိုင်**

၅၇။ မိတ္ထီလာဂိတ်(မိတ္ထီလာမြို့)
(မိတ္ထီလာ-ကျောက်ပန်းတောင်းလမ်း)
၅၈။ မိတ္ထီလာဂိတ်(မိတ္ထီလာမြို့)
(မိတ္ထီလာ-တောင်ကြီးလမ်း)
၅၉။ ဘုရားငါးဆူဂိတ်(သာစည်မြို့)
၆၀။ မိတ္ထီလာဂိတ်(မိတ္ထီလာမြို့)
(မိတ္ထီလာ-မြင်းခြံလမ်း)
၆၁။ မလှိုင်ဂိတ်(မလှိုင်မြို့)

**မန္တလေးတိုင်း၊ ရမည်းသင်းခရိုင်**

၆၂။ တောက်ထိန်ဂိတ်(ပျဉ်းမနားမြို့)
၆၃။ ရေဆင်းဂိတ်(ပျဉ်းမနားမြို့)
၆၄။ ရန်အောင်ဂိတ်(ပျော်ဘွယ်မြို့)

**မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်**

၆၅။ မော်လမြိုင်(ကြာအင်း)ဂိတ်(မော်လမြိုင်မြို့)
၆၆။ မုဒုံဂိတ်(မုဒုံမြို့)
၆၇။ သံဖြူဇရပ်ဂိတ်(သံဖြူဇရပ်မြို့)
၆၈။ ရေးဂိတ်(ရေးမြို့)

**မွန်ပြည်နယ်၊ သထုံခရိုင်**

၆၉။ ဘီးလင်းဂိတ်(ဘီးလင်းမြို့)
၇၀။ သထုံဂိတ်(သထုံမြို့)
၇၁။ ပေါင်ဂိတ်(ပေါင်မြို့)
၇၂။ ဘင်လှိုင်ဂိတ်(သထုံမြို့)

**ရခိုင်ပြည်နယ်၊ သံတွဲခရိုင်**

၇၃။ သံတွဲဂိတ်(သံတွဲမြို့)
၇၄။ တောင်ကုတ်ဂိတ်(တောင်ကုတ်မြို့)
(တောင်ကုတ်-သံတွဲလမ်း)
၇၅။ တောင်ကုတ်ဂိတ်(တောင်ကုတ်မြို့)
(တောင်ကုတ်-ပန်းတောင်းလမ်း)
၇၆။ ဂွဂိတ်(ဂွမြို့)

**ရန်ကုန်တိုင်း၊ အရှေ့ပိုင်းခရိုင်**

၇၇။ မှော်ဘီဂိတ်(မှော်ဘီမြို့)
၇၈။ ထောက်ကြန့်ဂိတ်(ထောက်ကြန့်မြို့)

**ရန်ကုန်တိုင်း၊ မြောက်ပိုင်းခရိုင်**

၇၉။ တိုက်ကြီးဂိတ်(တိုက်ကြီးမြို့)
(လမ်းကြေးနှင့်တန်ပိုကောက်ခံပါသည်။)
၈၀။ အမှတ်(၄)ဂိတ် (မှော်ဘီမြို့)
၈၁။ အမှတ်(၃)ဂိတ် (မင်္ဂလာဒုံမြို့)
၈၂။ အမှတ်(၂)ဂိတ် (လှည်းကူးမြို့)
၈၃။ လှိုင်သာယာဂိတ်(လှိုင်သာယာမြို့)
(လမ်းကြေးနှင့်တန်ပိုကောက်ခံပါသည်။)

**ရှမ်းပြည်နယ်၊ တောင်ကြီးခရိုင်**

၈၄။ ကလောဂိတ်(ကလောမြို့)
၈၅။ တောင်ကြီးဂိတ်(တောင်ကြီးမြို့)
၈၆။ အောင်ပန်းဂိတ်(အောင်ပန်းမြို့)
၈၇။ ပင်လောင်းဂိတ်(ပင်လောင်းမြို့)
(ပင်လောင်း-မိုးဗြဲလမ်း)
၈၈။ ပင်လောင်းဂိတ်(ပင်လောင်းမြို့)
(ပင်လောင်း-ပျဉ်းမနားလမ်း)
၈၉။ ကျုံးဂိတ်(ပင်းတယမြို့)
၉၀။ ရွှေညောင်ဂိတ်(တောင်ကြီးမြို့)

**ရှမ်းပြည်နယ်၊ လွိုင်လင်ခရိုင်**

၉၁။ လွိုင်လင်ဂိတ်(လွိုင်လင်မြို့)
၉၂။ ကွန်ဟိန်းဂိတ်(ကွန်ဟိန်းမြို့)

**ရှမ်းပြည်နယ်၊ ကျိုင်းတုံခရိုင်**

၉၃။ ကျိုင်းတုံဂိတ်(ကျိုင်းတုံမြို့)
၉၄။ တုံးတာဂိတ်(တုံးတာမြို့)
၉၅။ မိုင်းပျင်းဂိတ်(မိုင်းပျင်းမြို့)

**ဧရာဝတီတိုင်း၊ ပုသိမ်ခရိုင်**

၉၆။ ကျောင်းကုန်းဂိတ်(ကျောင်းကုန်းမြို့)
၉၇။ မောင်ဘိဂိတ်(ပုသိမ်မြို့)
၉၈။ ကိုးဆူဂိတ်(ပုသိမ်မြို့)
၉၉။ ရေနံသာဂိတ်(ရေကြည်မြို့)

**ဧရာဝတီတိုင်း၊ ဟင်္သာတခရိုင်**

၁၀၀။ ဟင်္သာတဂိတ်(ဟင်္သာတမြို့)
၁၀၁။ ကြံခင်းဂိတ်(ကြံခင်းမြို့)

**ဧရာဝတီတိုင်း၊ မအူပင်ခရိုင်**

၁၀၂။ ဆားမလောက်ဂိတ်(ညောင်တုန်းမြို့)
၁၀၃။ မအူပင်ဂိတ်(မအူပင်မြို့)

လေလံယှဉ်ပြိုင်လိုသူများသည် လမ်းအသုံးပြုခကောက်ခံရေးစခန်းများတည်ရှိရာ သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များတွင် စုံစမ်းနိုင်ပါကြောင်း။

**ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း**
**ဆောက်လုပ်ရေးဝန်ကြီးဌာန။**

## အရာတော်မြို့နယ်၌ ပညာလမ်းသစ် စာကြည့်တိုက်ဖွင့် ကျေးလက်ဖွံ့ဖြိုးရေးဆွေးနွေးဟောပြော

အရာတော် နိုဝင်ဘာ ၁၈

**အရာတော်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်း၍ နိုဝင်ဘာ ၁၆ ရက်က ရှားကုန်းကျေးရွာအုပ်စု ငြိမ်းဇံကျေးရွာ ပညာလမ်းသစ် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲအခမ်းအနားကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးမြင့်ကြည်၊ မြို့နယ်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် မန်နေဂျာဦးတင့်အောင်နှင့် မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစန်းလွင်ဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။** (အောက်ပုံ)

**ဆွေးနွေးဟောပြော**

ဆက်လက်၍ မြို့နယ်ဥက္ကဋ္ဌဦးမြင့်ကြည်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူး ဦးစန်းလွင်ဦးက စာကြည့်တိုက် ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို လည်းကောင်း၊ မြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မန်နေဂျာ ဦးတင့်အောင်က ကျေးလက်ဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များကို လည်းကောင်း ဆွေးနွေးဟောပြောကြသည်။

ထို့နောက် စာအုပ်အလှူရှင် ၁၅ ဦးတို့က သုတ၊ ရသ စာအုပ်မျိုးစုံ ၂၅၀ ပေးအပ်လှူဒါန်းကြရာ ကျေးရွာဥက္ကဋ္ဌ ဦးကျော်ဆန်းက လက်ခံရယူကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**





ပြင်ဦးလွင်မြို့နယ် ပဒေသာမြို့သစ် ယုဇန–မာလာလမ်း အရှည်ပေ ၁၄၈၀ ကတ္တရာခင်းခြင်းလုပ်ငန်းအား သတ်မှတ် စံချိန် စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေးအတွက် နိုဝင်ဘာ ၈ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့က စက်ယန္တရားများဖြင့် ဆောင်ရွက်လျက်ရှိရာ မြို့နယ်အမှုဆောင်အရာရှိ ဦးအောင်မြင့်ဆွေနှင့် အင်ဂျင်နီယာမှူး ဦးစိုးသန်းတို့ ကြီးကြပ်ဆောင်ရွက်ပေးကြစဉ်။ (၂၈၀)

## စဉ့်ကိုင်မြို့နယ်လယ်တွင်းအလင်းရောင်စာကြည့်တိုက်ဖွင့် အလှူငွေနှင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်း

ကျောက်ဆည် နိုဝင်ဘာ ၁၅

**စဉ့်ကိုင်မြို့နယ် ဝန်းသိုကျေးရွာ လယ်တွင်းအလင်းရောင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၂၈ ရက်က အဆိုပါ စာကြည့်တိုက်တွင် ကျင်းပသည်။**

**အမှာစကားပြောကြား**

အခမ်းအနားတွင် စဉ့်ကိုင်မြို့နယ်ဥက္ကဋ္ဌ ဦးညွန့်လှိုင်က အဖွင့်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဗဟိုအလုပ်အမှုဆောင် ကျောက်ဆည် အသင်း(ရန်ကုန်)ဒုတိယဥက္ကဋ္ဌ ဦးတင်လှိုင်(လယ်တွင်းသား စောချစ်)၊ ကျောက်ဆည်အသင်း(ရန်ကုန်) အတွင်းရေးမှူး ဦးအောင်မြတ်ကျော်၊ တွဲဖက်အတွင်းရေးမှူး ဦးအောင်စိုးလွင်၊ ကျောက်ဆည်ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိဦးချစ်ထွေး (မောင်ချစ်ထွေး မဟာဝိဇ္ဇာ)၊ မြို့နယ်ပညာရေးမှူး ဦးလှမြင့်၊ ကျောက်ဆည်မြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးကျော်သန်း (မောင်ခိုင်ကျော်–ကျောက်ဆည်)တို့က အမှာစကား ပြောကြားကြသည်။

**ပေးအပ်လှူဒါန်း**

ဝန်းသိုကျေးရွာ လယ်တွင်းအလင်းရောင် စာကြည့်တိုက်သို့ ရန်ကုန်မြို့နေ ဦးတင်လှိုင်–ဒေါ်မြင့်မြင့်တို့က ကျပ် ၁၀၀၀၀၊ စဉ့်ကိုင်မြို့နယ်ဥက္ကဋ္ဌက ကျပ် ၁၀၀၀၀၊ ရန်ကုန်မြို့မှ ဦးအောင်မြတ်ကျော်–ဒေါက်တာ ဒေါ်ခင်နှင်းဆွေတို့က ကျပ် ၃၀၀၀၊ ရန်ကုန်မြို့မှ ဦးအောင်စိုးလွင်၊ ခရိုင်နှင့်မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ဦးကျော်သန်းတို့က စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းကြရာ ဝန်းသိုကျေးရွာဥက္ကဋ္ဌက လက်ခံရယူသည်။ **(ခရိုင် ပြန်/ဆက်)**

## ဝမ်းတွင်းမြို့နယ်၌ စေတနာမွန် စာကြည့်တိုက်ဖွင့်

**ဝမ်းတွင်း နိုဝင်ဘာ ၈**

ဝမ်းတွင်းမြို့နယ် ဘုရားဖြူကျေးရွာအုပ်စု ရွာရှည်ကျေးရွာတွင် ကိုယ့်အားကိုယ်ကိုး စေတနာမွန် စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို အောက်တိုဘာ ၂၈ ရက်က ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးတွင်ကျင်းပရာ ကျေးရွာဥက္ကဋ္ဌ ဦးမောင်ကိုနှင့် မြို့နယ်ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးမျိုးမြင့်သိန်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

**လက်ခံရယူ**

ထို့နောက် (ရုပ်/သံ–၃) ဦးသိန်းမြင့်က စေတနာမွန် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်အတွက် စာအုပ်မျိုးစုံ ၅၃ အုပ်ပေးအပ်လှူဒါန်းရာ ကျေးရွာဥက္ကဋ္ဌက လက်ခံရယူကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

**ကျိုက်ထိုမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ကံ့ကော်ရပ်ကွက် သုခလမ်း ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်မှုကို နိုဝင်ဘာ ၂၃ ရက်က အမှုဆောင် အရာရှိ ဦးမျိုးဆန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးတင်ထွန်းတို့ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ကြစဉ်။**

(မြို့နယ် စည်ပင်)

## တွန်းဇံမြို့နယ် ပြည်သူ့ဆေးရုံ ဓာတ်မှန်ခန်းနှင့် ခွဲစိတ်ခန်း ပြင်ဆင်မွမ်းမံ

**တွန်းဇံ နိုဝင်ဘာ ၁၅**

ချင်းပြည်နယ် ဖလမ်းမြို့တွင် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်(၁) ဦးကျော်မြင့်သည် နိုဝင်ဘာ ၄ ရက်က တွန်းဇံမြို့သို့ရောက်ရှိပြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးစိုးဝင်းနှင့်အတူ တွန်းဇံမြို့ ပြည်သူ့ဆေးရုံတွင် ဆိုလာတပ်ဆင်မှု၊ ဓာတ်မှန်ခန်းနှင့် ခွဲစိတ်ခန်းများ ပြင်ဆင်မွမ်းမံမှုနှင့် ဆေးရုံတွင်း သန့်ရှင်းရေး ဆောင်ရွက်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

**အခြေအနေ**

ဆက်လက်၍ တွန်းဇံမြို့ အခြေခံပညာ အထက်တန်းကျောင်း၌ သင်ထောက်ကူပစ္စည်းများတပ်ဆင်ထားမှုနှင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးသင်တန်းကျောင်း အခြေခံ အုတ်မြစ် တည်ဆောက်မှု အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဖလမ်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်(၁) ဦးကျော်မြင့်နှင့် တွန်းဇံမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးဝင်းတို့သည် နိုဝင်ဘာ ၅ ရက် နံနက်ပိုင်းက ချင်းပြည်နယ်သည် လက်ဖက်ပြည်နယ် ဖြစ်ရမည် ဟူသော ရည်မှန်းချက်များနှင့်အညီ တွန်းဇံမြို့နယ် ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့များက စိုက်ပျိုးထားသော လက်ဖက်စိုက်ခင်းများကို ကြည့်ရှုစစ်ဆေးကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**



## ကျေးလက်တစ်ခွင် ဖွံ့ဖြိုး စည်ပင်



## ကျောက်တံတားကျေးရွာ စာကြည့်တိုက်ဖွင့်

**မတ္တရာ နိုဝင်ဘာ ၂၀**

မတ္တရာမြို့နယ် လမိုင်းကျေးရွာအုပ်စု ကျောက်တံတားကျေးရွာတွင် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို အောက်တိုဘာ ၁၃ ရက် နံနက် ၈ နာရီက အဆိုပါ ကျေးရွာ ရပ်ကွက်ရုံး၌ ကျင်းပသည်။

**ရှင်းလင်းပြောကြား**

ရှေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်(၁) ဒုတိယရဲမှူး ဝင်းအေးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (ရုပ်/သံ–၃) ဒေါ်ဆွေဆွေတင့်က စာပေဖတ်ရှုရခြင်း၏ အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ထို့နောက်မြို့နယ်အဖွဲ့ဝင်(၁)ဒုတိယရဲမှူးဝင်းအေးနှင့် ကျေးရွာဥက္ကဋ္ဌ ဦးလှမောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(ဝဲပုံ) (မြို့နယ်ပြန်/ဆက်)**

3-12 (15).p65 1 3/24/05, 3:55 PM




ပြင်သစ်နိုင်ငံ ပါရီမြို့ထေရဝါဒ ဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးကော်မတီ ဗဟိုရုံးခန်း(ဗဟန်း ၃ လမ်း မှတ်တိုင်အနီး)တွင် ဦးယုံစိန်-ဒေါ်ရင်မွေးမိသားစု အမှတ်(၁) မဥ္ဇူလမ်း ပါရမီရိပ်သာ ရန်ကင်းမြို့နယ်က အလှူတော်ငွေကျပ် တစ်သိန်းတစ်သောင်းကို အဖွဲ့ဝင်ဦးမျိုးခင်သို့ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

# ကညွတ်ကွင်းမြို့ မော်တော်ယာဉ်လိုင်းပေါင်းစုံ စုပေါင်းဘုံကထိန် အလှူပွဲကျင်းပ

ကညွတ်ကွင်း နိုဝင်ဘာ ၃၀

**ကညွတ်ကွင်းမြို့ မော်တော်ယာဉ်လိုင်းပေါင်းစုံအသင်း မိသားစုများ၏ (၂၅)ကြိမ်မြောက် ငွေရတုစုပေါင်းဘုံကထိန်အလှူပွဲကို နိုဝင်ဘာ ၂၆ ရက် နံနက် ၈ နာရီက မဟာမြို့လှကျောင်းတိုက်၌ ကျင်းပသည်။**

အခမ်းအနားတွင် ကညွတ်ကွင်းမော်တော်ယာဉ်ဥက္ကဋ္ဌ ဦးခင်မောင်မြင့်၊ အမှုဆောင် ဦးအောင်ကျော်မိုးနှင့်၊ ဖြစ်မြောက်ရေးဥက္ကဋ္ဌ ဦးစောမောင်ဝင်း၊ ယာဉ်ပိုင်ရှင်များ ဦးဆောင်၍ ယာဉ်မောင်း၊ ယာဉ်နောက်လိုက် မိသားစုများ ကထိန်သင်္ကန်းများ၊ လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် ပဒေသာပင်များကို မော်တော်ယာဉ်များဖြင့် မြို့တွင်း လှည့်လည်၍ မဟာမြို့လှ ကျောင်းတိုက်သို့ ပို့ဆောင်ကြသည်။ **(အောက်ပုံ)**

ထို့နောက် မဟာမြို့လှကျောင်းတိုက် ဆရာတော်ဘဒ္ဒန္တ နေမိန္ဒ အမှူးပြုသော ပင့်သံဃာတော်အပါး ၆၀ တို့ကို နေ့ဆွမ်း ဆက်ကပ်လှူဒါန်းပြီး မဟာမြို့လှကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ နေမိန္ဒထံမှ ငါးပါးသီလခံယူပြီး လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ **(၁၇၆)**



နိုဝင်ဘာ ၂၄ ရက်က လှည်းကူးမြို့နယ် အလက မလစ်အနောက်ကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်စန်းစန်းရီနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများက ပဒေသာပင်နှင့် ကထိန်သင်္ကန်းကို ဆရာတော်ထံ ဆက်ကပ်လှူဒါန်းကြစဉ်။ (က-ပ)

# ဘောက်ထော်မက်သဒစ်ကျောင်းသားဟောင်းများ မြတ်ဆရာပူဇော်ပွဲ

**ရန်ကုန် ဒီဇင်ဘာ ၂**

ဘောက်ထော်မက်သဒစ် (ယခင် အလက(၂) သဃ်န်းကျွန်း) ယခု အထက(၂) သဃ်န်းကျွန်းကျောင်းတွင် ၁၉၆၄ ခုနှစ်မှ ၁၉၈၇ခုနှစ်အထိ ပညာသင်ကြားခဲ့သော ကျောင်းသူ ကျောင်းသားဟောင်းများစုပေါင်း၍ မြတ်ဆရာပူဇော်ပွဲကို ကျင်းပမည်ဖြစ်သည်။

၁၉၆၄ မှ ၁၉၈၇ခုနှစ်အတွင်း ပညာသင်ကြားပေးခဲ့သော ဆရာကြီး၊ ဆရာမကြီးများကို ပူဇော်ကန်တော့ကြမည်ဖြစ်ရာ ၎င်းနှစ်များအတွင်း ပညာသင်ကြားခဲ့ကြသော ကျောင်းသူ ကျောင်းသားဟောင်းများအားလုံး မပျက်မကွက် ပါဝင်ပူဇော်ကန်တော့ကြရန်နှင့် အလှူငွေပါဝင်လှူဒါန်းလိုသူများသည် ဦးမိုးလွင် အထက(၂) သဃ်န်းကျွန်း ကျောင်းအုပ်ကြီး ဖုန်း-၅၆၅၅၆၈၊ ဒေါ်သိန်းတင် အငြိမ်းစားကျောင်းအုပ်ကြီး ဖုန်း-၅၇၇၉၄၆၊ ဦးမြင့်ဝင်း-ဒေါ်သန်းသန်းမြင့် ဖုန်း-၅၇၈၆၇၂၊ဆရာမဒေါ်ခင်သန်းဦး အထက(၂)သဃ်န်းကျွန်း ဖုန်း-၅၇၂၇၈၄၊ ဒေါ်မြင့်မြင့်ထွေး (မဒေါင်း) ဖုန်း-၅၆၅၈၃၇၊ ဦးကျော်ဝင်း (ပြုံးမောင်မောင်) ဖုန်း-၀၉၅ ၀၁၆၃၁၁၊ ဒေါ်စန်းစန်းမြင့် ဖုန်း-၅၆၀၇၃၆၊ ဦးလှသွင် ဖုန်း-၂၁၁၃၃၀ လိုင်းခွဲ (၁၃၇)နှင့် ဦးသိန်းဇော် ဖုန်း-၅၀၄၀၆၀၊ ၀၉၅ ၀၀၄၀၁၈ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**



# ဆုချီးမြှင့်

**လူမှုဝန်ထမ်းဦးစီးဌာန ပဲခူးမြို့ မူလတန်းကြိုကျောင်း ၂၀၀၃-၂၀၀၄ ခုနှစ် မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ကလေးများ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး သင်ကြားမှု အထောက်အကူပြု အလှူငွေပေးအပ်ပွဲနှင့် ဥာဏ စွမ်းရည်ပြိုင်ပွဲကို နိုဝင်ဘာ၂၅ရက်က ကျောင်းခန်းမ၌ကျင်းပရာ နာယကအဖွဲ့ဝင် ဒေါ်ခင်ဝတ်ရည်က ကျောင်းသူ မသီဂီချစ်စနိုးအား ဆုချီးမြှင့်စဉ်။** (က-ပ)

# တောင်ကြီး စက်မှုလက်မှု အထက ဒုတိယအကြိမ် အာစရိယပူဇော်ပွဲကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၂**

၁၉၆၈မှ ၁၉၉၈ခုနှစ်အတွင်း တောင်ကြီးမြို့ စက်မှုလက်မှု အထကသို့ တက်ရောက်ခဲ့ကြသောကျောင်းသားဟောင်းများက အသက်(၆၀)ပြည့်ပြီး အငြိမ်းစား ယူခဲ့ကြသော ဆရာကြီး ဆရာမကြီးများအား ဒုတိယအကြိမ် အာစရိယပူဇော်ပွဲကို ၂၀၀၅ခုနှစ် မတ်လ တတိယအပတ်တွင် ကျင်းပရန်စီစဉ်ထားသည်။ အငြိမ်းစားဆရာကြီး၊ ဆရာမကြီးများနှင့် အလှူငွေထည့်ဝင်လိုသူများသည် ဆရာဦးကျော်ချွန်း(အငြိမ်းစား) တောင်ကြီး ဖုန်း-၀၈၁-၂၂၉၉၆၊ ဦးစိုးညွန့် (တောင်ကြီး) ဖုန်း-၀၈၁-၂၁၆၅၇၊ ဦးခင်မောင်ဝင်း(တောင်ကြီး) ဖုန်း-၀၈၁-၂၁၇၁၅(အိမ်) ၀၈၁-၂၁၁၂၅(ရုံး)၊ ဦးတင်အောင်(တောင်ကြီး) ဖုန်း-၀၈၁-၂၁၀၁၆(ရုံး)၊ ဦးလှသိန်း(ရန်ကုန်) ဖုန်း-၀၁-၂၉၅၁၇၆၊ ဦးညိုမင်းဒင် (ရန်ကုန်) ဖုန်း-၀၁-၂၂၀၃၄၁၊ ၀၁-၂၁၂၀၀၇၊ ဆရာ ဦးသောင်းထွန်း (အငြိမ်းစား) ဖုန်း-၀၁-၇၂၂၅၇၁၊ ဆရာ ဦးစိန်အောင်(အငြိမ်းစား) ဖုန်း-၀၁-၇၀၀၁၉၈၊ ဦးအေးဝင်း(မန္တလေး) ဖုန်း-၀၂-၃၁၄၅၄ နှင့် ဦးအောင်မြင့်သိန်း(ပခုက္ကူ) ဖုန်း-၀၆၂-၂၂၆၆၇ တို့သို့ဆက်သွယ်လှူဒါန်းကြရန် နှိုးဆော်ထားကြောင်းသိရသည်။ **(က-ပ)**






**အောက်တိုဘာ ၂၉ ရက်က ကရင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ကြီးကြပ်မှုဖြင့် ဘားအံမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဇွဲကပင်ခန်းမရှေ့ သာယာလှပရေးအတွက် မြေခင်းအလှပြုပြင်ဆောင်ရွက်မှုကို အမှုဆောင်အရာရှိ ဦးမျိုးအောင်က ကြီးကြပ်ဆောင်ရွက်ပေးစဉ်။** (မြို့နယ်စည်ပင်)

**နိုဝင်ဘာ၂၀ရက်က မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို အမက(၉)ဒေါပုံမြို့နယ်တွင်ကျင်းပရာ ဆရာမကြီး ဒေါ်သင်းသင်းဦးက စတုတ္ထတန်းမှ ဆုရ မသီရိဖူးဇန်အား ဆုချီးမြှင့်စဉ်။** (က-ပ)

# တွံတေးမြို့ ဘိုးဘွားရိပ်သာဆောက်လုပ်ရန် ငွေလှူဒါန်း

**တွံတေး နိုဝင်ဘာ ၂၂**

တွံတေးမြို့နယ် အဘိုးအဘွားများ ပြုစုစောင့်ရှောက်ရေးအတွက် ဘိုးဘွားရိပ်သာ ဆောက်လုပ်လှူဒါန်းရန် ငွေလှူဒါန်းပွဲကို နိုဝင်ဘာ ၉ရက်က တွံတေးမြို့နယ် စကြာ ကျောင်းတိုက် ဘုန်းတော်ကြီး ကျောင်းတွင် ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ် သံဃနာယက ရွှေကျင်ဂိုဏ်းဆရာတော် ဦးဓမ္မရက္ခိတက ဘိုးဘွားရိပ်သာ ဖြစ်မြောက်ရေးအတွက် ယခင် စကြာကျောင်း ဆရာတော်ကြီးက ဘိုးဘွားရိပ်သာအဆောက်အအုံ ပြီးမြောက်စေရန် သြဝါဒပေးတော်မူသည်။

ထို့နောက်မတည်အလှူရှင် ဦးထွန်းကြိုင်က ဘိုးဘွားရိပ်သာဆောက်လုပ်လှူဒါန်းရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး ကျပ်သိန်းတစ်ရာကို မြို့နယ်ဥက္ကဋ္ဌ၏ ဦးဆောင်မှုဖြင့် ပထမအရစ်လှူဒါန်းရာ အဖွဲ့အတွင်းရေးမှူးဦးမြသိန်းက လက်ခံရယူသည်။ **(၃၈၀)**



**နိုဝင်ဘာ ၁၂ ရက်က ကော့သောင်း မြို့နယ် စည်ပင် သာယာရေးအဖွဲ့ ဝန်ထမ်းများနှင့် အဏ္ဏဝါ ရပ်ကွက် ပြည်သူများ စုပေါင်း၍ ကမ်း နား လမ်း နာရီစင် ပတ်ဝန်းကျင်တွင် စုပေါင်းသန့် ရှင်း ရေး ဆောင် ရွက် ကြစဉ်။**
(မြို့နယ်စည်ပင်)



# မြန်မာ့အသံ

**၄-၁၂-၂၀၀၄(စနေနေ့)**

**နံနက်ပိုင်း**

- ၀၇:၀၀ တရားတော် (ဦးဥတ္တမသာရဆရာတော်ကြီး၏ မောရသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

**နေ့လယ်ပိုင်း**

- ၀၉:၃၀ အာဆီယံအစီအစဉ်
- ၁၀:၀၅ အာယုနှင့်သာစ ဆွေးနွေးခန်း
- ၁၁:၁၅ သားငါးဖွံ့ဖြိုးပြည့်အကျိုး (ပေါင်းပုပ်လက်ပုပ်ရောဂါ ကာကွယ်ဆေးများ)
- ၁၁:၃၅ ရေဒီယိုမဂ္ဂဇင်း (၁)စောင့်ရှောက်ကာကွယ် ရင်သွေးငယ်(ခေါင်းကြီး) (၂)ပျော်ရွှင်လှပ မိသားစုဘဝ (ဆောင်းပါးသရုပ်ဖော်)
- ၁၂:၀၀ တစ်ပတ်အတွင်း နိုင်ငံတကာသတင်း
- ၁၂:၁၀ ကလေးများအတွက် အင်္ဂလိပ်စာ
- ၁၃:၁၀ ပညာရေးအသံလွှင့်အစီအစဉ် (ပညာရေးအထူးအစီအစဉ်)

**ညနေပိုင်း**

- ၁၇:၃၀ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းများ
- ၁၇:၄၅ ကျန်းမာကြံ့ခိုင်ဒို့မဏ္ဍိုင် (အားကစားသမားအတွက် စိတ်တည်ငြိမ်မှု)
- ၁၈:၄၅ နေ့စဉ်သုံးအင်္ဂလိပ်စကားပို့ချချက် (မင်းကျော်မင်းမိသားစု)
- ၁၉:၁၅ မေတ္တာလက်ဆောင်ရတေးစီးရီး (Excellent Creation တေးထုတ်လုပ်ရေးမှမေတ္တာ လက်ဆောင်ပေးပို့သော ချိုပြုံး၏ တစ်ခါကသဟာယတေးစီးရီး)
- ၂၀:၃၀ English Lesson Working Knowledge
- ၂၀:၄၀ တေးသံစုံ(မြန်မာ့အသံခေတ်ပေါ် တေးဂီတအဖွဲ့မှ တေးသံစုံ)

# ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်မှ ဒုတိယကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့အားလက်ခံတွေ့ဆုံ

**ရန်ကုန် ဒီဇင်ဘာ ၂**

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်မှ ဒုတိယကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးဂိုဂျင့်ဖုန်းနှင့်အဖွဲ့အား ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ■



ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော်မှ ဒုတိယ ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးဂိုဂျင့်ဖုန်းတို့ ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန် ခန်းမ၌ တွေ့ဆုံအပြီးတွင် အဖွဲ့ဝင်များနှင့်အတူ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

# (၁၀)ကြိမ်မြောက် အာဆီယံထိပ်သီးညီလာခံ၊ အာဆီယံနိုင်ငံအကြီးအကဲ အစိုးရအဖွဲ့အကြီးအကဲများ ထိပ်သီးအစည်းအဝေးများကျင်းပ နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းတက်ရောက် ထိပ်သီးအစည်းအဝေးအပြီး သဘောတူစာချုပ်များလက်မှတ်ရေးထိုး

**ရန်ကုန် ဒီဇင်ဘာ ၂**

(၁၀)ကြိမ်မြောက် အာဆီယံထိပ်သီးညီလာခံကို နိုဝင်ဘာ ၂၉ ရက် နံနက်ပိုင်းတွင် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့ရှိ Lao International Trade Exhibition & Convention Center (Lao-ITECC)၌ စတင်ကျင်းပရာ ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း တက်ရောက်သည်။ **(အောက်ပုံ)**

*စာမျက်နှာ ၁၁ ကော်လံ ၁* ✡




**နိုင်ငံရေး ဦးတည်ချက် (၄)ရပ်**

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေး ဦးတည်ချက် (၄)ရပ်**

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက် အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေး ဦးတည်ချက် (၄)ရပ်**

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး